မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၇)၊ အမှတ်(၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဘုန်းတော်ကြီးနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရွာမပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ အင်းစိန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် စာမျက်နှာ ၃ ကော်လံ ၁ ●

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် မူဝါဒများသည် နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး တိုင်းရင်းသား ပြည်သူများ၏ဘဝ အေးချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်စေရေး အခြေခံအုတ်မြစ်များဖြစ်

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မကွေးတိုင်း မကွေးမြို့လေဆိပ်၌ မကွေးတိုင်းမှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မကွေးတိုင်းအတွင်းရှိ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့မှ မြို့မိမြို့ဖများ၊ အလုပ်သမားနှင့် တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူထုလူတန်းစားအသီးသီးမှ ပြည်သူများ စုစုပေါင်းအင်အား ၁၁၀၀၀၀ ကျော် အင်တိုက်အားတိုက် တစ်ခဲနက်တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှစတင်၍ စစ်ကြောင်းမှူး ဦးဝင်းဇော်စိုး ဦးဆောင်သော မကွေးခရိုင် အမှတ်(၁)စစ်ကြောင်းသည် မကွေးလေဆိပ် လေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်စုရပ်မှ တောင်ဘက်ဝင်ပေါက်အတိုင်း လည်းကောင်း၊ စာမျက်နှာ ၆ ကော်လံ ၁ ✻

ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်

မကွေးတိုင်း မကွေးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများ ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်းထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၈ ရက်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်သစ်များ တိုးချဲ့ရှာဖွေတူးဖော်ခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်း

ဧရာဝတီတိုင်း ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၌ တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိရာ ညောင်တုန်းတွင်းသစ်အမှတ်(၁၇)တွင် နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၃ဒသမ၁၂ သန်း ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ ကုဗပေ ၈သန်းကျော်နှင့် လေဆီ စည် ၇၂၀ ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိမှုအလားအလာ ကောင်းမွန်လျက်ရှိရာ မုတ္တမကမ်းလွန် လုပ်ကွက်၊ တနင်္သာရီကမ်းလွန် ရဲတံခွန်လုပ်ကွက်နှင့် ရခိုင်ကမ်းလွန် ရွှေလုပ်ကွက်တို့၌ ပြည်ပရေနံရှာဖွေရေး ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက် ရှိသည်။

ကမ်းလွန်လုပ်ကွက်များအနက် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ အစမ်းတွင်းအမှတ် ဇော်တိက-၁(က)ကို စမ်းသပ်တူးဖော်ခဲ့ရာ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု တွေ့ရှိရပြီး သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုမှာ ၂ဒသမ၅ထရီလီယံ ကုဗပေခန့်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ဖြစ်နိုင်ခြေအလားအလာရှိသည့် နေရာများကို စမ်းသပ်တိုးချဲ့ ရှာဖွေလျက်ရှိရာ ဇော်တိက-၁(က) ကဲ့သို့ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိခဲ့၍ နိုင်ငံတော်အတွက် အကျိုးအမြတ်များ ထူးခြားစွာရရှိနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ပထဝီအနေအထားအရ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်နိုင်ခြေရှိမှု အလားအလာများကို အခြေခံ၍ ကုန်းတွင်းပိုင်း ရေနံမြေများတွင်သာမက ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များ၌ပါ တိုးချဲ့ရှာဖွေတူးဖော်လျက်ရှိသဖြင့် နိုင်ငံ့အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အမှတ် (၉၃)နေ ဖခင်ကြီးဦးရှိန်၊ မိခင်ကြီး ဒေါ်တင်၊ ခင်ပွန်းဦးအောင်သန်းတို့အား ရည်စူး၍ ဒေါ်ခင်သန်းမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးဟံညွန့်တို့က လက်ခံယူသည်။ **(အောက်ပုံ)**

လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၈-၁၀-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၁၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမှန်တိုင်း(ဒုတိယတွဲ)** (အပိုင်း-၃၉)

ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးစည်းဝေး

ရန်ကုန် အောက်တိုဘာ ၇

မွန်ပြည်နယ် ကျိုက္ခမီမြို့ရှိ သမိုင်းဝင် ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ် ဆံတော်ရှင်မြတ်စွာဘုရား၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ ပွဲတော်ကို အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် တတိယအကြိမ် မြောက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ရက်က ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်စွာဘုရားကြီးရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ပြီးစီးမှု

အခမ်းအနားတွင် ပွဲတော်ကျင်းပရေး ကော်မတီနာယက နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်ထွန်းအောင်နှင့် ပွဲတော်ကျင်းပရေး ကော်မတီဝင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညိုလှ တို့က အမှာစကား ပြောကြားကြပြီး လုပ်ငန်းဆပ်ကော်မတီဝင်များက ပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေဆဲ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အကြံပြု

တင်ပြချက်များအပေါ် ပွဲတော်ကျင်းပရေးနာယကနှင့်တာဝန်ရှိသူများက လိုအပ်ချက်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ဒဂုံ မြို့သစ် (ဆိပ်ကမ်း) မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ကြီးမှူးပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်သူအများ စာဖတ်ရှိန်မြှင့်တင်ရေးညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ၁၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးခန်းမတွင် ကျင်းပစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၀-၂၀၀၇ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "ယုံကြည်မှုနဲ့သွားရမယ်" တရားတော်(ပထမပိုင်း) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)]
၈း၀၅ - ၂း၀၅ Soccer Update
၈း၂၀ - ၂း၂၀ တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅ လှအဋ္ဌလီတင့်နှင့် အငြိမ့်ကခြင်း
၈း၄၅ - ၂း၄၅ Road to SEA Games (ဘော်လီဘော)
၉း၀၅ - ၃း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅ ဆေးဖက်ဝင်ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၉း၂၅ - ၃း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀ ထူးထူးခြားခြားမိကျောင်းငယ်လေး
၉း၄၀ - ၃း၄၀ တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (အာဟာရဓာတ်ချို့တဲ့ခြင်းနှင့် ပတ်သက်သည့် ကျန်းမာရေး ပြဿနာများ)
၁၀း၀၅ - ၄း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀ ကျက်သရေတင့်တယ် လှစေမယ်(အပိုင်း-၁)
၁၀း၃၅ - ၄း၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၅၀ - ၄း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀ သွင်းကုန်အစားထိုး လျှပ်စစ် ဓာတ်အိုး
၁၁း၁၅ - ၅း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဦးမြထွန်း (ဆရာမြ)နှင့် တွေ့ဆုံခြင်း]
၁၁း၃၅ - ၅း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀ အရှိန်အဝါတောက်ပ မီးချောင်းရဲ့ သဘာဝ
၁၁း၅၅ - ၅း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀ Myanmar Known You Hospital
၁၂း၃၀ - ၆း၃၀ တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅ အဏ္ဏဇီဝတွင်းထွက်ရတနာ
၁၂း၄၅ - ၆း၄၅ ထူးထူးခြားခြား ရာသီဥတု ဖြစ်စဉ်များ
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆရာတော်ထံသက်န်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့်တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်ဆက်ကပ်

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့်သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်း၊ ဂုဏ်ရည်ဆေးတိုက်၊ အိုကေ ဆန်ပွဲရုံ၊ ရွှင်ရယ်အောကစ်စက်ရုံ၊ အာရှကြီးပွားတိုးတက်ရေး ကုမ္ပဏီ၊ အဘထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စွမ်းထက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ဟိုမီယိုပက်သစ်ဆေးတိုက်၊ ရွှေခဲ၊ စိန်ခဲင်ပြာရည်စက်ရုံ ၊ဂရင်းရှိုင်ရယ် စက်ရုံနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ယင်းနောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၆၀၀၀၀စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၀၀၀၀၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ ဦးဌေးဦး (ဦးကြူ မိသားစုအိုကေဂျုံစက်)က ငွေကျပ်၁၂ သိန်း၊ ဦးဇော်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန)က ငွေကျပ်သုံးသိန်း၊ ရွှေတောင်ကုန်းဟိုတယ်၊ ဦးလှဆိုင်-ဒေါ်သန်းသန်းဦး(ဒဂုံဂျစ်)၊ ဦးစိုင်းမျိုးဝင်းကျော်-ဒေါ်နန်းခင်မြင့်ရီ (မြန်မာ့အားမာန် မော်တော်ယာဉ် ထုတ်လုပ်ရေး)နှင့် သီဟသုခမ္မ မဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးရဲအောင် (သီရိကုဋေကြွယ်ကြက်ဆူစိုက်ပျိုးရေး)က ငွေကျပ်၃၀၅၀၀၀၊ ဦးချစ်မွှေး (သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ Myanmar Lighting Co.,Ltd. (ရွှေပြည်သာစက်မှုဇုန်-၃)နှင့် ဦးရန်မောင် (AMC ကုမ္ပဏီ၊ ရွှေပြည်သာ စက်မှုဇုန်-၃) တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ဧရာတ်သီးမှုန့်)နှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးသိုင်းဝင်း(BTBကုမ္ပဏီ)နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသီဂီ ဒေါ်လှလှနွယ် (ဝင်းရတနာ ခရီးသွားလုပ်ငန်း)တို့က ငွေကျပ် ၁၆၀၀၀၀ စီ၊ ဦးသန်းနိုင် (သမ္မတသက်န်းတိုက်)က ငွေကျပ် ၁၅၀၀၀၀၊ ဦးအောင်ဇော်မြင့်-သီရိသုဓမ္မသီဂီ ဒေါက်တာမြတ်မြတ်အုန်းခင်တို့က ငွေကျပ် ၁၁၀၀၀၀၊ ဦးလှမြင့် (PMGကုမ္ပဏီ)၊ ဒေါက်တာနိုင်အောင် (အဘထ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊ ဒေါက်တာမောင်မောင်သိန်း-ဒေါ်ခင်မိမိလှိုင်၊ ဦးလှသန်း (ရွှေညာမောင်ကားဂိတ်)၊ ဦးဌေးမြင့် (ပြည့်ဖြိုးကျော် ပင်လယ်ရေထွက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးချစ်မောင်-ဒေါ်ခင်သန်းဌေး၊ ဒေါက်တာဖေခင် (ဖဲယားဆန်းကုမ္ပဏီ)၊ ဦးဝင်းကျော် (TMC)၊ ဒေါ်လှလှ (လမ်းမတော်)နှင့် တညင်းကုန်း၊ အောင်ဆန်း၊ စဥ့်ဂူ၊ ဖော့ကန်၊ ရွာမ(အရှေ့)၊ ရွာမ (အနောက်)၊ တောင်သူကုန်း၊ နံ့သာကုန်း၊ စော်ဘွားကြီးကုန်း၊ အဝေးပြေးဝင်း၊ ကြို့ကုန်း (အရှေ့)၊ ကြို့ကုန်း(အနောက်)၊ မြို့သစ် (ဂ)၊ မြို့သစ်(က+ခ)၊ ပိန္နဲကုန်း၊ ပေါက်တော၊ ဈေးကုန်း (အနောက်)၊ ကမ်းနား(အလယ်)၊ကမ်းနား(အနောက်) ရပ်ကွက်များမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၀၂၄၅၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရောဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်က တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အင်းစိန်မြို့နယ်အတွင်းရှိဘုန်းတော်ကြီးစာသင်တိုက်များနှင့်သီလရှင်စာသင်တိုက်တို့သို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော်၃၀၃အိတ် ၁၅ပြည်၊ ဆီ ၁၂၄၄ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၂၈၈၀၊ ပဲပိဿာ၄၅၀၊ ဆေးမျိုးစုံ ၃၉၂ ဘူး၊ သွားတိုက်ဆား ၄၁၈ဘူး၊ ဧရာတ်သီးမှုန့် အထုပ် ၄၅၀၊ ငံပြာရည် ငါးပိဿာနှင့် ဆွမ်းပဒေသာပင်အလှူငွေ စုစုပေါင်း ငွေကျပ် ၁၀၂၄၅၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆွမ်းပဒေသာပင်အတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆရာ့ကျေးဇူး

❒ ဆရာပြ၍
လှခဲ့ကြပြီ ..... ။

❒ ဆရာသင်၍
ယဉ်ခဲ့ကြပြီ ..... ။

❒ ဆရာပြော၍
ချောခဲ့ကြပြီ ..... ။

❒ တွေးကြည့်လေတိုင်း
ရင်ဝယ်လှိုင်းထ၊ နှိုင်းမရသည့်
ဆရာ့ကျေးဇူး၊ ဂုဏ်အထူးသည်
ဦးခိုက်မဝနိုင်ပါတကား။ ။

မောင်လင်းကြည်

မိတ္ထီလာမိုးကုတ်ရိပ်သာဝါတွင်း အထူးတရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၇

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၁၂၉)၏ ဝါတွင်းကာလအထူးတရားစခန်းပွဲကို တတိယအပတ်ဖြစ် သီတင်းကျွတ်လဆန်း၁ရက်မှ ၇ရက် (အောက်တိုဘာ ၁၂ရက်မှ ၁၈ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရိပ်သာပဓာနနာယက ကျောင်းသစ်ကျောင်းဆရာတော် မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး လူဦးရေကန့်သတ်ထားသဖြင့် ဖုန်း-၀၆၄-၃၅၂၄၇သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၇ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ စနေနေ့

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ ပညာရည်မြင့်မားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၇ခုနှစ် အောက်တိုဘာ၁၃ရက် စနေနေ့ကို ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီး ဖြစ်သဖြင့် အဆိုပါနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း(၅)ရပ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက်ကျန်းမာရေး

ကျန်းမာရေးအတွက် စီးကရက်အမြန်ဖြတ်ရန်လိုအပ်

စီးကရက်သောက်ခြင်းသည် ခန္ဓာကိုယ်အတွင်းသို့ နီကိုတင်းဓာတ်များ တိုက်ရိုက်ဝင်ရောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သဖြင့် စီးကရက်သောက်သူများ အမြန်ဆုံး စီးကရက်သောက်မှုဖြတ်သင့်ကြောင်း ဗြိတိန်နိုင်ငံမှ ဆရာဝန်များက သတိပေးလိုက်သည်။

အန္တရာယ်ပေးနိုင်

နီကိုတင်းဓာတ်သည် ခန္ဓာကိုယ်အတွင်းရှိ အဆုတ်၊ အသည်းနှင့် အခြားနုနယ်သောကိုယ်တွင်း အစိတ်အပိုင်းများအား အလျင်အမြန်ပျက်စီးစေပြီး အချိန်တိုအတွင်း သေဆုံးနိုင်သည်အထိ အန္တရာယ်ပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံ တော်ဝင်ကောလိပ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိပ်ဖြစ်စေသောဓာတ်များပါဝင်

စီးကရက်အငွေ့တွင် နီကိုတင်းဓာတ်အပြင် အခြားဓာတုအဆိပ်ဖြစ်စေသော ဓာတ်များလည်းပါဝင်ကြောင်း တွေ့ရှိရသည်ဟု တော်ဝင်ကောလိပ်မှ သုတေသနပညာရှင် ပါမောက္ခဂျွန်ဘရစ်တန်ကပြောကြားသည်။

ထို့ကြောင့် ကျန်းမာရေးအတွက် စီးကရက် သောက်မှုကို အမြန်ဆုံးဖြတ်သင့်ကြောင်း ၎င်းက အကြံပြုတိုက်တွန်းထားသည်။

(အင်တာနက်)

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

No man is above the Law.

“မည်သူတစ်ဦးတစ်ယောက်မှ ဥပဒေ၏ အထက်တွင်မရှိ”

Ignorance of Law is no excuse.

“ဥပဒေကို မသိနားမလည်ဟုဆိုသည်နှင့် ခွင့်မလွှတ် (အပြစ်မှမလွတ်) နိုင်”

ယင်းဥပဒေဆောင်ပုဒ် သို့မဟုတ် ဆိုရိုးစကားများသည် ကမ္ဘာ့ဥပဒေနယ်ပယ်က လက်ခံသုံးနှုန်းနေသော စကားပုံများသာဖြစ်သည်။ မည်သည့်နိုင်ငံမှာမဆို ဥပဒေများပြဋ္ဌာန်းထားသည်။ ပြစ်မှုဥပဒေ (ယခင်အခေါ် ရာဇသတ်ကြီးဥပဒေ)သည် လူ့လောက အေးချမ်းလုံခြုံရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။ နိုင်ငံတိုင်းတွင် ပြစ်မှုဥပဒေရှိသည်။ ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ ဖောက်ထွင်းမှု၊ ဓားပြမှု၊ လုယက်မှုစသည့် ပစ္စည်းကို ကျူးလွန်သောအမှုများ၊ ရိုက်မှု၊ ထိုးခုတ်မှု၊ ထိခိုက်နာကျင်စေမှု၊ အပြင်းအထန်နာကျင်စေမှု၊ လူသေစေမှု၊ လူသတ်မှုစသည့် လူကိုကျူးလွန်သောအမှုများ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ အကြည်ညိုပျက်စေမှု စသည့် နိုင်ငံတော်အပေါ် ကျူးလွန်သော အမှုများ စသည်ဖြင့် ပြစ်မှုအမျိုးမျိုးရှိသည်။ ပုဒ်မပေါင်း ၅၁၀ ပါဝင်သည်။

လူထုကို ဆူပူရန်၊ သံဃာကိုဆန္ဒပြရန် သွေးထိုးမြှောက်ပေးနေသော BBC၊ VOA၊ RFA၊ DVB တို့မှ ပြည်ပြေး၊ နယ်ချဲ့ကြေးစားများသည် အန္တရာယ်ကင်းစွာ၊ ဒေါ်လာဆုကြေး အပိုဆုများ ထွေးပိုက်ကာ၊ ပေါင်မုန့်ထောပတ်သုတ်၊ ချိစ် (Cheese) ညှပ်ပြီး အစားမပျက်ကြ။ ပြည်တွင်း၌ ဆူပူအကြမ်းဖက်သူများထဲကသာ လူစုခွဲရာ၌ ဒဏ်ရာရကြ၊ ထိမှန်သေဆုံးကြ၊ ဖမ်းဆီးခံရ၊ ထွက်ပြေး တိမ်းရှောင်ရင်း ဝရမ်းပြေးဘဝရောက်ရဖြင့် ဇာတ်သိမ်း ကြရသည်။ BBC တို့မှ ပြည်ပြေးများ ဒူးနှန့်မပျက်ကြပါချေ။ ဆူပူဆန္ဒပြပွဲ၌ အမှန်တကယ် အကျိုးရှိသူများကား ကိုလိုနီနယ်ချဲ့ ငပွကြီးတို့သာဖြစ်။

လူအုပ်ဖွဲ့အနိုင်ကျင့်ခြင်းမျိုးကို ဥပဒေနှင့် အလှမ်းဝေးသောတောတွင်း သောင်းကျန်းသူစခန်းများ၊ လမ်းသူရဲဂိုဏ်း၊ လူဆိုး(မာဖီးယား) ဂိုဏ်းများနှင့် ရဲများပင် ရဲစခန်းမှာ မရှိတော့သည့် မင်းမဲ့စရိုက်ဖုံးလွှမ်းသော (ရှစ်လေးလုံး) ဆူပူမှုမျိုးများ၌ တွေ့ရသည်။ ကမ္ဘာ့နယ်ချဲ့သမိုင်းတစ်လျှောက်တွင်လည်း ကျူးကျော်ခံ၊ ကျွန်ပြုခံနိုင်ငံများ ကြုံခဲ့ရပြီးပြီ။ ရဲများကို ရဲစခန်းများ၌ မနေနိုင်အောင် ရဲစခန်းကို လူအုပ်ကြီးနှင့် ဝင်စီး၊ ရဲများကိုသတ်၊ ရဲစခန်းမှ လက်နက်များကို လုယူပြီး လက်နက်အားကိုး ထင်ရာစိုင်းကာ ဝမ်းရေးအတွက် အိမ်မှထွက်လာသော ဆင်းရဲသားပြည်သူ ၇၀ကျော်ကို ဖမ်းဆီး ခေါင်းဖြတ်သတ်၊ ဂိုဒေါင်ဖောက်၊ စက်ရုံဖျက်၊ လုယက် စသည်တို့ အတိပြီးသော ရှစ်လေးလုံးတွင် တွေ့ခဲ့ရပြီ။

ရှစ်လေးလုံးဆူပူမှုကို “ဒီမိုကရေစီရရှိရေးအတွက်ဟု ဆိုဆို၊ တစ်ပါတီစနစ်မကြိုက်၍” ဟု ပြောပြော၊ “ဆိုရှယ်လစ်စနစ်က ပြည်သူလူထုကို ပိုမိုဆင်းရဲစေလို့” ဟု သုံးသုံး၊ စီအိုင်အေရယ်၊ ဗကပရယ်၊ အခြား ဝေလေလေ နိုင်ငံရေး မြို့ကြောင်တွေရယ်၊ ဆန္ဒပြပွဲ အရှိန်ရလာလျှင် မီးပွိုင့်မှ မီးလုံးရိုက်ခွဲ၊ တွေ့ရာမော်တော်ကား ဆွဲလှန်ပြီး မီးရှို့၊ မထင်လျှင် မထင်သလို စွပ်စွဲချက်အမျိုးမျိုးဖြင့် လူကိုဆွဲသတ်၊ ခေါင်းဖြတ်သော ဒုစရိုက်ကောင် တောကြောင်များ လက်ညီတက်ညီ ဖန်တီးခဲ့ကြပေသည်။ ဂိုဒေါင်ဖောက်ပြီး လုယက်မည့် တောကြောင်များကလည်း နောက်ပါးမှ ကပ်ပါလာခဲ့သည်။

အာဏာရလိုရငြား နိုင်ငံရေးဝင်ရှုပ်ကြသူတို့လည်း အာဏာမရဘဲ ပြည်သူ့တံတွေးခွက်၌ ပက်လက်ရော မှောက်လျက်ပါ မျောကြရသည်။ မျောရာမှ အချို့စုံးစုံးမြုပ်သွားကြရသည်။ ဤသည်ကား ဆူခဲ့ရ၊ ပူခဲ့ရသူတို့၏ အကျိုးအမြတ်ကို တွက်ချက်၍ရသော အဖြေပင်ဖြစ်ပေသည်။

နိုင်ငံကား ကသောင်းကနင်းဖြစ်ရသည်။ တိုင်းတစ်ပါးလက်၊ ပြည်ပနယ်ချဲ့သမားလက်သို့ ကျလုမတတ်၊ နိုင်ငံ(ပြည်ထောင်စု) ပြိုကွဲလုမတတ်၊ လွတ်လပ်ရေးဆုံးရှုံးကာ ကျွန်ပြန်ဖြစ်လုမတတ်ဖြစ်ရသည်။ နိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လာသည်။ လုပ်ငန်းခွင်များ၌ ဟောင်းလောင်း ဖြစ်လာသည်။ နိုင်ငံပိုင်၊ အများပိုင်၊ ပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးရသည်။ (အနောက်မီဒီယာတို့အဆိုအရ) နယ်စပ်သို့ထွက်ပြေးလာသော လူငယ်ကျောင်းသား၊ ကျောင်းသူ (သိန်းဂဏန်း)သည် မိဝေးဖဝေး ဒုက္ခစုံရောက်ရ၊ ဘဝပျက်ရသည်။ တရားခံပြေး၊ ပြည်ပြေး၊ အမျိုးသားသစ္စာဖောက်ဘဝ ကျရောက်ကာ တိုင်းတစ်ပါးသားကို ဒူးတုပ်ခစား၊ ခိုင်းသမျှလုပ်၊ ပေးသမျှယူ၊ ကျွေးသမျှစားဘဝဖြင့် ကိုယ့်အမိနိုင်ငံ ပျက်စီးရာပျက်စီးကြောင်းကို မလုပ်မနေ လုပ်လာကြရသည်။

အပြစ်မဲ့ပြည်သူ ဒါဇင်ပေါင်းများစွာ မတရားသဖြင့် အသတ်ခံရသည်။ ခေါင်းဖြတ်ခံရသည်။ ကျီးလန့်စာ စားနေခဲ့ရသည်။ ရန်ငြိုးရှိဖူးသူက ရှစ်လေးလုံး သပိတ်ခေါင်းဆောင်ဖြစ်နေလျှင် ပြေးဖို့သာပြင်၊ မပြေးနိုင်လျှင် လက်စားချေခံရပြီး သေရမည်။ စားဝတ်နေရေး ခက်ခဲခဲ့ကြရသည်။ ကျောင်းသူ၊ ကျောင်းသားများ ငြိမ်းချမ်းစွာစာမသင်ကြရ။ ဈေးသည်များ ဈေးရောင်းမစားရဲကြ။ ခေါင်းဖြတ်သတ်တတ်သော သပိတ်ကို မဝေဖန်ရဲကြ။ **ရှစ်လေးလုံးတွင် မည်သူမျှမမြတ်ကြ၊ အကျိုးမရှိကြ၊ သာမန်ရပ်ကွက်သူ ရပ်ကွက်သားများကား ဒုက္ခပင်လယ်ဝေခဲ့သည်။ တကယ်အကျိုးဖြစ်ထွန်းပြီး တကယ်မြတ်သူများမှာ မြန်မာနိုင်ငံကို ဖြိုချဖျက်ဆီးလိုသည့် ကိုလိုနီသားစား ကိုးတောင်ကျား နယ်ချဲ့သမားတို့သာဖြစ်သည်။ မြန်မာပြည်သူတို့၏ စည်းလုံးမှုကို အတော်အတန် ဖျက်ဆီးနိုင်ခဲ့သည်။ ၎င်းတို့စေရာရနိုင်သည့် နိုင်ငံရေးခိုင်းဖတ်စေဖတ် (ပြည်ပြေးသောင်းကျန်းသူ) တစ်ပြုံတစ်ခေါင်း နိုင်ငံတွင်းမှ ခေါ်ထုတ်သွားနိုင်ခဲ့သည်။ ၎င်းတို့၏လက်ပါးစေ ပြည်ပြေး မွေးမြူရေးခြံများ ပြည့်လျှံသွားခဲ့သည်။**

နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရာမှာ အခြေခံရမည့်အခြေခံမှုများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးသော အမျိုးသားညီလာခံကြီး ၂၀၀၇ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်နှင့် မရှေးမနှောင်းပင် အဖျက်သမားတို့က ဆူပူမှုဖန်တီးလာခဲ့သည်။ ကျောင်းသား၊ အလုပ်သမားများကို လမ်းပေါ်ဆွဲတင်၍ မရသောအခါ ၎င်းတို့ ကြိုတင်မြုပ်နှံထားသည့် သံဃာငယ်တချို့ကို သုံးကာ အခြားသံဃာငယ်များ၊ သာမဏေငယ်များကို လှည့်ဖြားခေါ်ယူခြင်း၊ အချို့ကို အကျပ်ကိုင်ဆွဲခေါ်ခြင်းဖြင့် လမ်းပေါ်စီတန်းလှည့်လည်စေခဲ့သည်။ အစပိုင်း၌ သံဃာများ၏မေတ္တာသုတ်ရွတ်ဖတ်ပွဲဖြစ်၍ သက်ဆိုင်ရာကလည်း ကြည့်နေခဲ့ပုံရသည်။

မောင်မှတ်ကျောက်

ပခုက္ကူကဲ့သို့သောမြို့မှ ပွဲဦးထွက်ဆူပူမှုတွင် မြို့နယ် သံဃနာယက ဆရာတော်အား တွန်းလှဲခြင်း၊ လာရောက် ဖျောင်းဖျလျှောက်ထားသည့် တာဝန်ရှိသူများထံမှ လက်ကိုင်ဖုန်းများသိမ်းခြင်း၊ ကားလေးစီးမီးရှို့ဖျက်ဆီးခြင်း၊ အိမ်မီးရှို့၊ စတိုးဆိုင်မီးရှို့ခြင်းများကို ဆန္ဒပြသံဃာအချို့နှင့် ပခုက္ကူ NLD တို့က ပြုလုပ်ခဲ့သည်။ ပဲခူး ကြခတ်ဝိုင်း ဆရာတော်ဘုရားကြီး၏အဆိုအရ (ဝိနည်းတော်တွင်) ငွေတစ်မတ်၊ တစ်မတ်ထက်ထိုက်တန်သောပစ္စည်းကို ခိုးယူဖျက်ဆီးလျှင် ထိုသံဃာသည် ပါရာဇိကကျ၍ ရဟန်းမဟုတ်တော့၊ လူဖြစ်သွားပြီဟု သိရပေသည်။ ယခုပခုက္ကူတွင် မီးရှို့ဖျက်ဆီးမှုအားလုံး၏ တန်ဖိုးကို မည်မျှပင် လျှော့တွက်တွက် တစ်မတ်ထက်တော့များမှာ သေချာပေသည်။

ပခုက္ကူဆန္ဒပြမှုအကြောင်းပြုပြီး ရန်ကုန်အပါအဝင် မြို့အချို့၌ သံဃာအချို့လမ်းပေါ်ထွက်ကာ မေတ္တာသုတ်ရွတ်လာကြသည်။ သို့သော် လမ်းဘေးမှ ရပ်ကြည့်သူ များများစားစားမရှိကြသေး။ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေကြဆဲဖြစ်သည်။ BBC၊ VOA၊ RFA၊ DVB **တို့က လူထုကဘေးမှရပ်ပြီး လက်ခုပ် တီးပေးကြပြီ၊ လူထုကနောက်မှ လိုက်လံ ထောက်ခံဆန္ဒပြကြပြီဟု နှုတ်ကြောင်းပေးလွှင့်ထုတ်လာသည်။ ဤတွင်** NLD **နှင့် ဝေလေလေအချို့ လမ်းပေါ်ထွက်လာသည်။ သံဃာများနောက်မှ လူအချို့လိုက်လာသည်။ အစပိုင်းတွင် ငြိမ်သက်စွာ (အသံမထွက်ဘဲ) လိုက်ကြသည်။**

နောက်ရက်များ၌ လမ်းဘေးမှရပ်ကြည့်သူများကို လက်ခုပ်တီးခိုင်းသည်။ မတီးလျှင် တစ်ခုခုအန္တရာယ်ဖြစ်မှာစိုး၍ လက်ခုပ်တီးလိုက်ရသူက များလှသည်။ လမ်းဘေးလူသွားစင်္ကြံပေါ် ရပ်ကြည့်နေသူများကို နောက်ကနေ ကားလမ်းပေါ် မသိမသာတွန်းချသည်။ နောက်က အခြား လူများတိုး၍ သူက ထိုလူများကို တိုးမိလေဟန်လုပ်သည်။ လမ်းပေါ် ရောက်သွားသူများကို ဆန္ဒပြသူများက လက်ယပ်ဆွဲခေါ်အားဖြည့်သွားသည်ကိုလည်း တွေ့ရပေသည်။

လမ်းမများပေါ် လူစည်ကားရာ ဈေး၊ မြို့လယ်ပိုင်းတို့တွင် လူအချို့က ဟိုပြေး သည်လွှား လှုပ်ရှားကြသည်။ ဆန္ဒပြသူများ လာနေလေဟန် ပွဲလုပ်ကြသည်။ ထိုသူများကိုကြည့်ပြီး ဆန္ဒပြသူများကိုကြည့်ရန်၊ လမ်းသွယ်များအတွင်းမှ ထွက်လာသူများကို အလံရှူးများက “မြို့ထဲမှာတော့ ပစ်ကုန်ပြီ၊ သံဃာအချို့ ပျံလွန်တော်မူကုန်ပြီ၊ သံဃာတစ်ပါးဦးနှောက်ထွက်သွားတယ်” ဟူ၍လည်းကောင်း၊ “သံဃာတော်တွေကို ပစ်ခတ်ကြောင်းကြားရလို့ ကုလသမဂ္ဂမှာ အစည်းအဝေးရပ်ဆိုင်းထားလိုက်ပြီဆိုပြီး စလောင်းမှာပြသွားတယ်” ဟူ၍လည်းကောင်း လိမ်လည်ပြောဆိုကာ လူအများကို ဆွပေးကြသည်။ ယင်းဆူပူမှုတွင် သံဃာတစ်ပါးကိုမျှ ပစ်ခတ်ခြင်းမပြုခဲ့ပေ။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရှစ်လေးလုံးတွင် မည်သူ့မျှမမြတ်ကြ၊ အကျိုးမရှိကြ၊ သာမန်ရပ်ကွက်သူ ရပ်ကွက်သားများကား ဒုက္ခပင်လယ်ဝေခဲ့သည်၊ တကယ်အကျိုးဖြစ်ထွန်းပြီး တကယ်မြတ်သူများမှာ မြန်မာနိုင်ငံကို ဖြိုချဖျက်ဆီးလိုသည့် ကိုလိုနီသားစား ကိုးတောင်ကျား နယ်ချဲ့သမားတို့သာ ဖြစ်သည်၊ မြန်မာပြည်သူတို့၏ စည်းလုံးမှုကို အတော်အတန် ဖျက်ဆီးနိုင်ခဲ့သည်၊ ၎င်းတို့စေရာ ရနိုင်သည့် နိုင်ငံရေးခိုင်းဖတ်စေဖတ်(ပြည်ပြေးသောင်းကျန်းသူ)တစ်ပြုံ တစ်ခေါင်း နိုင်ငံတွင်းမှ ခေါ်ထုတ်သွားနိုင်ခဲ့သည်၊ ၎င်းတို့၏ လက်ပါးစေ ပြည်ပြေး မွေးမြူရေးခြံများ ပြည့်လျှံသွားခဲ့သည်၊

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ဤသို့ဖြင့် စက်တင်ဘာ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်နေ့တို့တွင် ဆန္ဒပြဆူပူမှုမြင့်တက်လာသည်။ သံဃာအချို့နှင့် ဆန္ဒပြအရပ်သားများက လုံထိန်းရဲ၊ တပ်တို့ကို ခဲ၊ အုတ်ခဲကျိုးများဖြင့် ပစ်ပေါက်ကြသည်။ ၂၆ ရက်နေ့ စလောင်းရုပ်သံလိုင်းအချို့၌ ထိုမြင်ကွင်းကိုပြသည်။ သို့သော် BBC၊ VOA တို့က ထိုသို့ခဲဖြင့် ပစ်ပေါက်ခြင်းကို ဖုံးကွယ်ကြသည်။ ခွပ်ဒေါင်းအလံထူပြီး သာသနာအလံကို ဖုံးလွှမ်းလာကြသည်။ သံဃာ့ပွဲ မဟုတ်တော့ဘဲ NLD ပွဲ ဖြစ်လာပေသည်။

မည်သို့ပင်ဆိုစေ၊ ရှစ်လေးလုံးဆူပူမှုမျိုး လုံးဝအဖြစ်မခံနိုင်သော ပြည်သူအများစုကြီး၏ ဆန္ဒနှင့်အညီ လုံခြုံရေးထိန်းသိမ်းရန် တာဝန်ရှိသူများက ပစ်ဖောက်လူစုခွဲယူရတော့သည်။ ထိုသို့မှမလုပ်လျှင် NLD နှင့် ဝေလေလေများက ရောင့်တက်ကာ အကြမ်းဖက်ကြတော့မည်။ စက်တင်ဘာလကုန်ရက် အောက်တိုဘာ ၁ရက်နေ့ခန့်မှ စပြီး ဆူပူမှုများ အဆုံးသတ်သွားခဲ့သည်။

ပြည်နယ်၊ တိုင်းများတွင် အမျိုးသားညီလာခံနှင့် အခြေခံဥပဒေကို ကြိုဆိုထောက်ခံသော လူထုအစည်းအဝေးကြီးများ ဆက်တိုက်ကျင်းပလာကြသည်။ ညီလာခံနှင့်အခြေခံဥပဒေကို ကြိုဆို ထောက်ခံကြပြီး ဆူပူမှုများကို ဆန့်ကျင်ရှုတ်ချကြသည်။ BBC၊ VOA၊ RFA၊ DVB၊ တို့အား ရှုတ်ချကြသည်။ အလားတူ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ နွားထိုးကြီး၊ ညောင်ဦး၊ ဝက်လက်၊ ရွှေဘိုစသော မြို့နယ်များစွာမှ ပြည်သူများသည် သက်ဆိုင်ရာသို့ ခွင့်တောင်းခံပြီး ပြည်သူတို့၏ အေးချမ်းတည်ငြိမ်စွာနေလိုသောဆန္ဒ၊ ဆူပူမှုကို မလိုလားသော ဆန္ဒ၊ BBC၊ VOA၊ RFA တို့၏မိုးလုံးပြည့် မုသားလွှင့်ထုတ်ချက်များဖြင့် မြန်မာနိုင်ငံကို နှောင့်ယှက်နေမှုများအား ဖော်ထုတ်ရှုတ်ချသည့် စီတန်းလှည့်လည်ကြွေးကြော်မှုများ ရက်ဆက်ကျင်းပကြသည်။

ဆူပူရာတွင် ပါဝင်သော သံဃာအရေအတွက်မှာ တစ်နိုင်ငံလုံးရှိ သံဃာငါးသိန်းခန့်၏ ၂ ရာခိုင်နှုန်းပင် မရှိချေ။ ဆူပူသူလူအုပ်ဆိုသည်မှာလည်း ၅၆သန်းသော နိုင်ငံလူဦးရေ၏ ရာနှုန်းဖော်ပြရန် ဒသမနောက်တွင် သုည နှစ်လုံးသုံးလုံး ခံရပေလိမ့်မည်။

လူထုကို ဆူပူရန်၊ သံဃာကိုဆန္ဒပြရန် သွေးထိုးမြှောက်ပေးနေသော BBC၊ VOA၊ RFA၊ DVB တို့မှ ပြည်ပြေး၊ နယ်ချဲ့ကြေးစားများသည် အန္တရာယ်ကင်းစွာ၊ ဒေါ်လာဆုကြေးအပိုဆုများ ထွေးပိုက်ကာ၊ ပေါင်မုန့်ထောပတ်သုတ်၊ ချိစ်(Cheese) ညှပ်ပြီး အစားမပျက်ကြပေ။ ပြည်တွင်း၌ ဆူပူအကြမ်းဖက်သူများထဲကသာ လူစုခွဲရာ၌ ဒဏ်ရာရကြ၊ ထိမှန်သေဆုံးကြ၊ ဖမ်းဆီးခံရ၊ ထွက်ပြေး တိမ်းရှောင်ရင်း ဝရမ်းပြေးဘဝရောက်ရဖြင့် ဇာတ်သိမ်းကြရသည်။ BBC၊တို့မှ ပြည်ပြေးများ ဒူးနှန့်မပျက်ကြပါချေ။ ဆူပူဆန္ဒပြပွဲ၌ အမှန်တကယ် အကျိုးရှိသူများကား ကိုလိုနီနယ်ချဲ့ ငပွကြီးတို့သာ ဖြစ်ပေသည်။

ဆူပူမှုကြောင့် မည်သူတွေနစ်နာဆုံးရှုံးရ၊ အကျိုးမဲ့ဖြစ်ရပါသနည်း။ (၁)ကျောင်းသား၊ ကျောင်းသူများ ပညာသင်ရာသီဖြစ်လျက် ငြိမ်းချမ်းစွာ ပညာမသင်ကြရဘဲ စာသင်ပျက်ကြရသည်၊ (၂)ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်၊ ဆိုင်မဖွင့်နိုင်ဘဲ စီးပွားရေးထိခိုက်ရသည်၊ (၃) **ဆိုက်ကားနင်းသူ၊ ကူးတို့သမ္ဗန်ခတ်သူ၊ အငှားကားမောင်းသူ၊ ဘတ်စ်ကား** ပြေးဆွဲသူများ ညဘက်မသွားလာနိုင် ဝင်ငွေလျော့ကြသည်။ အငှားကားမောင်းသူ၊ ဆိုက်ကားနင်းသူများ အိုးနာကြေးပင် အိတ်ထဲကစိုက်ပေးနေကြရသည်။ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ စသည့်ဈေးဆိုင်ကြီးများစွာ ပိတ်ထားနေရသည်။ ဝယ်သူများမလာရဲ၍ အရောင်းထိုင်းသည်။ နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရသည်။ ထို့ကြောင့် စက်သုံးဆီဈေးနှုန်းတက်၍၊ ကုန်ဈေးနှုန်းကြီးမြင့်၍ မကျေနပ်ဟုဆိုကာ ဆန္ဒပြသူသံဃာများ၊ လူများသည် ပြည်သူလူထုကို ပိုမိုကျပ်တည်းဆင်းရဲအောင်လုပ်သူများအဖြစ် အများပြည်သူက ရှုမြင်ကြသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

လုံခြုံရေးအခြေအနေအရ ညမထွက်ရ အမိန့်ထုတ်ထားရသော မြို့ကြီးအချို့တွင် ညဘက် အလုပ်လုပ်သူ၊ ဈေးရောင်းသူ၊ ကုန်စိမ်းသည်၊ ကုန်စိမ်းဝယ်၊ တစ်ဆင့်ရောင်း ဈေးသည်၊ ဆိုက်ကားနင်း၊ အငှားကားမောင်းသူတို့ ဗိုက်မှောက်နေကြရသည်။ ထို့ကြောင့် ဆိုင်ရာက တည်ငြိမ်လာသော အခြေအနေအရ ညမထွက်ရအချိန် လျှော့ချပေးလာသည်။

ဆန္ဒပြပွဲများသည် မေတ္တာသုတ်ရွတ်ရာမှ အောင်ဆန်းစုကြည် လွှတ်ပေး၊ စုကြည်နှင့်ဆွေးနွေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးဟု ဒေါသသံဖြင့် အော်လာသည်။ တစ်စတစ်စ အကြမ်းဖက်လာသည်။ ရွှေဘုံသာလမ်းထောင့်မှ ထိန်းသိမ်းခဲ့ရသည့် လူငယ် ၁၁ဦးတွင် ကျောင်းသူ၊ ကျောင်းသားများ ပါလာသည်။ သူတို့ထံမှ အကြမ်းဖက်တိုက်ခိုက်ရာ၌ သုံးမည့်လက်နက်များ ပါလာသည်။

မည်သို့ပင်ဖြစ်စေ၊ ဥပဒေချိုးဖောက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသူတို့တွင် အမှန်တကယ် ဥပဒေနှင့်ငြိစွန်းသူများ တရားစွဲဆိုခံရမည်၊ အပြစ်ရှိကြောင်းတွေ့လျှင် ထောင်ကျခံရမည်။ ဤသည်မှာလည်း Crime Does Not Pay **(ရာဇဝတ်ဘေး ပြေးမလွတ်)**၊ Ignorance of Law is no excuse **(ဥပဒေကို နားမလည်၍ပါဟု ထုချေရုံဖြင့် ပြစ်ဒဏ်က မလွတ်နိုင်)**ဟူသော ဥပဒေမူများအရ ဖြစ်ပေသည်။ အနောက်က ဆန္ဒပြသူများမှာ ဒီမိုကရေစီရေး ကြိုးပမ်းသူများဖြစ်သည် ဆိုရုံမျှဖြင့် ပြစ်မှုကျူးလွန်လျှင် ကင်းလွတ်ခွင့်မရပေ။ အဘယ့်ကြောင့်ဟူမူ အထင်ကရ ဥပဒေဆောင်ပုဒ်(မူကြီး)၌ No man is above the Law **(မည်သူမျှ ဥပဒေအထက်တွင်မရှိ)** သောကြောင့်ပင်တည်း။ ။

ဆူပူမှုကြောင့် မည်သူတွေ နစ်နာဆုံးရှုံးရ၊ အကျိုးမဲ့ဖြစ်ရပါသနည်း။
(၁) ကျောင်းသား၊ ကျောင်းသူများ ပညာသင်ရာသီဖြစ်လျက် ငြိမ်းချမ်းစွာ ပညာမသင်ကြရဘဲ စာသင်ပျက်ကြရသည်၊ (၂)ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်၊ ဆိုင်မဖွင့်နိုင်ဘဲ စီးပွားရေးထိခိုက်ရသည်၊ (၃) ဆိုက်ကားနင်းသူ၊ ကူးတို့ သမ္ဗန်ခတ်သူ၊ အငှားကားမောင်းသူ၊ ဘတ်စ်ကား ပြေးဆွဲသူများ ညဘက် မသွားလာနိုင်၊ ဝင်ငွေလျော့ကြသည်။ အငှားကားမောင်းသူ၊ ဆိုက်ကားနင်းသူများ အိုးနာကြေးပင် အိတ်ထဲကစိုက်ပေး နေကြရသည်။ စတိုးဆိုင်များ၊ စားသောက်ဆိုင်များစသည့် ဈေးဆိုင်ကြီးများစွာ ပိတ်ထားနေရသည်။ ဝယ်သူများ မလာရဲ၍ အရောင်းထိုင်းသည်။ နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရသည်။ ထို့ကြောင့် စက်သုံးဆီဈေးနှုန်းတက်၍၊ ကုန်ဈေးနှုန်းကြီးမြင့်၍ မကျေနပ်ဟုဆိုကာ ဆန္ဒပြသူ သံဃာများ၊ လူများသည်ပြည်သူလူထုကို ပိုမိုကျပ်တည်း ဆင်းရဲအောင်လုပ်သူများ အဖြစ် အများပြည်သူက ရှုမြင်ကြသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြီး အကျယ် ထိခိုက်ခဲ့ရသည်။

ပေးအပ် လှူဒါန်း

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်လမ်းနေ ကြက်ဆင်မုန့်တိုက် မိသားစုက သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ် လှူဒါန်းစဉ်။ (ကာ-ပ)

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့

World Health Organization

WORLD SIGHT DAY

အောက်တိုဘာလ (၁၁)ရက်၊ ကြာသပတေးနေ့

Vision 2020 : The Right to Sight

အမြင်သန်စွမ်း တို့အခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း

နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို ပြည်သူ့စွမ်းအားဖြင့်ကာကွယ်

✱ **ရှေ့ဖုံးမှ**

စစ်ကြောင်းမှူး ဦးချိုထွန်းဦးဆောင်သော မင်းဘူးခရိုင် အမှတ်(၂) စစ်ကြောင်းသည် မကွေးလေဆိပ်ရုံး အရှေ့ဘက်စုရပ်မှ အရှေ့ဘက်ဝင်ပေါက် အတိုင်းလည်းကောင်း၊ စစ်ကြောင်းမှူးဦးဝင်းနိုင် ဦးဆောင်သော သရက်ခရိုင် အမှတ်(၃)စစ်ကြောင်းသည် မကွေးလေဆိပ် လေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်စုရပ်မှ တောင်ဘက်ဝင်ပေါက်အတိုင်းလည်းကောင်း၊ စစ်ကြောင်းမှူး ဦးသန်းညွှန့် ဦးဆောင်သော ပခုက္ကူခရိုင် အမှတ်(၄) စစ်ကြောင်းသည် မကွေးလေဆိပ် လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်စုရပ်မှ မြောက်ဘက်ဝင်ပေါက်အတိုင်း လည်းကောင်း၊ စစ်ကြောင်းမှူး ဦးကျော်ဖေယျ ဦးဆောင်သော ဂန့်ဂေါခရိုင် အမှတ်(၅) စစ်ကြောင်းသည် မကွေးလေဆိပ် လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်စုရပ်မှ မြောက်ဘက်ဝင်ပေါက်အတိုင်းလည်းကောင်း အခမ်းအနားကျင်းပသည့် မကွေးလေဆိပ်အတွင်းသို့ စစ်ကြောင်းပုံစံဖြင့် စနစ်တကျချီတက်၍ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဌေးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်မြင့်၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သန်းသန်းဌေး၊ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ဒေါက်တာမြသီတာ၊ မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်သိန်း

အခြေခံအုတ်မြစ်

ယင်းနောက် အစီအစဉ်အရ သဘာပတိ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဌေးမောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားညီလာခံကြီးအား ၂၀၀၇ခုနှစ် စက်တင်ဘာ၃ရက်က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဦးတည်ချက်(၆)ရပ်နှင့်အညီ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်ပေးခဲ့ကြောင်း၊ ဤအခြေခံမူများကို အမြဲတေအဖြစ်ထားရှိပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် မူဝါဒသဘောထားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ ဘဝအေးချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ ဤအခြေခံအုတ်မြစ်များအပေါ်တွင် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရန် အခြေခံမူများ ရရှိရေးအတွက် အမျိုးသားညီလာခံကြီးကျင်းပနိုင်အောင် ၁၉၉၂ ခုနှစ်တွင် ကြေညာချက်အမှတ်(၁၁/၉၂)ကို ထုတ်ပြန်ပြီး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားပေါင်းစုံနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့်အဖွဲ့များ အပါအဝင် အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်များသည် ပြည်ထောင်စုကြီးအကျိုးကို ဦးထိပ်ထားပြီး ညှိနှိုင်းဆွေးနွေး အကြံပေးခဲ့ကြသည့်အတွက် အပြုသဘောဆောင်သည့် ရလဒ်ကောင်းများကိုရရှိခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ထာဝရတည်ငြိမ်အေးချမ်းစွာဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အသက်တမျှ အရေးကြီးလှကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဖွဲ့စည်းပုံများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ တာဝန်နှင့် အခွင့်အာဏာများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးကြောင်း၊ **ထို့ကြောင့် တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် လူ့ဘဝအာမခံချက်များရရှိစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းရေးအတွက် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုကြရန် မကွေးတိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ကိုယ်စားပြု တက်ရောက်လာကြသည့် ပြည်သူလူထု တစ်သိန်းတစ်သောင်းကျော်တို့သည် ဤနေ့၊ ဤနေရာတွင် စုဝေးရောက်ရှိနေကြခြင်းဖြစ်ကြောင်း။**

ဟန့်တားနှောင့်ယှက်

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပအဖျက်သမားများက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုများကို ဟန့်တားနှောင့်ယှက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ယခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အကြံအစည်ဖြင့် လုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် အန္တရာယ် မည်မျှကြီးမားသည်ဆိုသည်ကို တွေ့မြင်နိုင်ကြောင်း။

မကွေးတိုင်း မကွေးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးနှင့် စီးပွားရေးနှင့် စက်မှုလက်မှုဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူထုလူတန်းစားအသီးသီးတို့မှ ပြည်သူများ စစ်ကြောင်းပုံဖြင့် စနစ်တကျချီတက်ကြစဉ်။ (သတင်းစဉ်)

(အငြိမ်းစား)၊ မြို့မိမြို့ဖဒေါ်ဝင်းမော်ထွန်းနှင့် မြို့မိမြို့ဖ ဦးရဲမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဟန်နီလာထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဇင်အောင်တို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်ရှိ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ဖြင့် "မကွေးတိုင်းအမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ"အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဦးဝင်းမောင် ခေါင်းဆောင်၍ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတော်အား အလေးပြုကြသည်။

ရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များစသည့် အစုအဖွဲ့ရှစ်ခုကို အမျိုးသားညီလာခံတွင် ပါဝင်စေခဲ့ကြောင်း။

ရေရှည်အကျိုးစီးပွား

အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့က အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကိုထောက်ရှုပြီး အနာဂတ်ရေးအတွက် တွေးတောမြော်မြင်လျက် အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းကြပြီးမှ အခြေခံမူများကို ချမှတ်ကြခြင်းဖြစ်သည့်အတွက် ကျယ်ပြန့်ပြီး နိုင်ငံရေးအနှစ်သာရနှင့် ပြည့်စုံနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ပါဝင်ကြသည့် လူထုလူတန်းစားအသီးသီးက တိုင်းရင်းသားငင်းတို့၏ ဆောင်ရွက်ချက်များကို ကြည့်ပါက ကုလသမဂ္ဂတွင် အထွေထွေညီလာခံကျင်းပချိန်၊ ကမ္ဘာ့နိုင်ငံခေါင်းဆောင်အသီးသီး ကုလသမဂ္ဂတွင်စုစည်းရောက်ရှိချိန်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပချိန်၊ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီအစည်းအဝေးကျင်းပချိန်၊ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂကိုယ်စားလှယ် ဂမ်ဘာရီရောက်ရှိချိန်တို့နှင့် ချိန်ကိုက်တိုက်ဆိုင်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရကြောင်း။

ဝင်ရောက်စွက်ဖက်

နိုင်ငံတော်တွင်း ဆန္ဒပြမှုများ၊ ဆူပူလှုပ်ရှားမှုများ၊ မတည်မငြိမ်မှုများ ဖြစ်ပေါ်စေခြင်းဖြင့် ကုလသမဂ္ဂကို အသုံးပြုပြီး မိမိနိုင်ငံကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်၍ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေးကို အလွန်ကြီးမားသည့် အကြံအစည်၊ အစီအမံများဖြင့် ဆောင်ရွက်ခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မကွေးတိုင်း မကွေးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

နိုင်ငံတော်ကို အခြားနိုင်ငံများက အထင်အမြင်လွဲမှားစေသည့် အခြေအနေသို့ ရောက်ရှိအောင် ကမ္ဘာ့သတင်းမီဒီယာအချို့ကို အသုံးပြုပြီး အလွန်နက်နဲသည့် အကြံအစည်ဖြင့် လုပ်ဆောင်ခဲ့ခြင်းကို မြင်တွေ့နိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ အချုပ်အခြာအာဏာ မိမိနိုင်ငံအတွင်း အပြည့်အဝရှိသည့်အားလျော်စွာ မိမိတိုင်းပြည်နှင့် မိမိလူမျိုးအကျိုးစီးပွားကိုရှေးရှုပြီး စိတ်ရှည်သည်းခံတည်ငြိမ်စွာဖြင့် ဆောင်ရွက်သင့်သည်များကို ရဲရင့်ပြတ်သားစွာ ဆောင်ရွက်ခဲ့သည့်အတွက် ၎င်းတို့၏ ကြံစည်လုပ်ဆောင်ချက်များကို တွန်းလှန်ဖြိုဖျက်နိုင်ခဲ့ပြီး နိုင်ငံတော်တွင် မူလတည်ငြိမ်မှုအနေအထားအတိုင်း ရှိစေခဲ့ပြီး ဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် နိုင်ငံတော်တွင် တည်ငြိမ်မှုနှင့် အေးချမ်းမှုကိုသာ လိုလားကြောင်း၊ ဆူပူအကြမ်းဖက်မှုကို မလိုလားကြောင်း၊ စက်တင်ဘာအတွင်း သံဃာအချို့ကို ခုတုံးလုပ်ပြီး ဆူပူဆောင်ရွက်ခဲ့ခြင်းများတွင် တိုင်းပြည်၏ တည်ငြိမ်မှုနှင့် အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း။

တွန်းလှန်ဖြိုဖျက်

ထို့ကြောင့် ဤကဲ့သို့ ပြည်တွင်း ပြည်ပမှ အဖျက်ဆောင်ရွက်မှုများကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြည်သူ၊ တပ်မတော်၊အစိုးရတို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရင်ဆိုင်တွန်းလှန်ဖြိုဖျက်သွားကြရမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်လျက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

စည်းလုံးမှုစွမ်းအား

ယင်းနောက် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ဖတ်ကြားတင်သွင်းရာတွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားအားလုံး၏ကိုယ်စားလှယ်များ၊ မြို့နယ်အားလုံး၏ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြသည့်အတွက် စည်းလုံးမှုစွမ်းအားကို လေးနက်စွာ ဖော်ဆောင်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး တရားဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ငြိမ်းချမ်းရေးအဖွဲ့များလည်း ညီလာခံကိုယ်စားလှယ်များအဖြစ် တက်ရောက်ဆွေးနွေး အကြံပြုခွင့်ရရှိခဲ့ကြကြောင်း၊ ဤကဲ့သို့ တိုင်းရင်းသားညီအစ်ကိုများက ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားညီအစ်ကိုများအတွက် ခိုင်မြဲသည့် စုစည်းမှုအင်အားကို ရရှိစေမည့်အပြင် သွေးစည်းညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးအတွက် ခိုင်မာသည့် အာမခံချက်ကိုပေးနိုင်မည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်(၆)ရပ်ကို လေ့လာကြည့်လျှင် ပထမသုံးချက်သည် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အတိတ်သမိုင်း၏ အတွေ့အကြုံများအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်များသည် နိုင်ငံသားအားလုံး ဝိဝါဒကွဲပြားစရာမရှိသည့် အမျိုးသားရေးမူဝါဒဖြစ်ကြောင်း၊ စတုတ္ထအချက်ဖြစ်သည့် စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးသည်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ရှေးရှုနေသည့် မြန်မာနိုင်ငံတွင် အများပြည်သူ၏ ဆန္ဒနှင့်အညီ တစ်ပါတီစနစ်ကိုဖျက်သိမ်းပြီး ချမှတ်ခဲ့သည့် ဦးတည်ချက်ဖြစ်ကြောင်း၊ ပဉ္စမအချက်ဖြစ်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာရေးဆိုသည့်အချက်သည် အမျိုးသားအကျိုးစီးပွားအတွက် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လောကပါလတရားသည် ဒီမိုကရေစီ၏အခြေခံဖြစ်ပြီး တရားဥပဒေဘောင်အတွင်းတွင် တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုတို့ရှိရမည်ဖြစ်ကြောင်း။

ရေရှည်မျှော်တွေး

နောက်ဆုံးအချက်ဖြစ်သည့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးဟု ပါဝင်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးကို ဦးဆောင်ရယူပေးခဲ့သည့် အဖွဲ့အစည်းလည်းဖြစ်ပြီး အခိုင်မာဆုံး၊ အတောင့်တင်းဆုံးနှင့် စနစ်အကျဆုံး ဖွဲ့စည်းတည်ဆောက်ထားသည့် အဖွဲ့အစည်းကြီးလည်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်များတွေ့တိုင်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းတွင် ပါဝင်လာခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ဘောင်အတွင်းက ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့အကျိုးအတွက် ရေရှည်မျှော်တွေး ဆောင်ရွက်ထားမှုဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံကကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်များကို ထိန်းကျောင်းပေးသည့် ပင်မဥပဒေကြီးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်ဟောင်း၊ စနစ်ဟောင်းတစ်ခုကနေ ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မည်ဆိုလျှင် ပထမဆုံး လိုအပ်ချက်သည် ခေတ်သစ် စနစ်သစ်နှင့်ကိုက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးဘဲ ခေတ်သစ် စနစ်သစ်ကို အလျင်စလို ကူးပြောင်းလျှင် ကြီးမားသည့် ချွတ်ချော်လွဲမှားမှုများဖြစ်ပေါ်ပြီး နိုင်ငံတော်အတွက် ထိခိုက်နစ်နာတတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မိမိ

မကွေးတိုင်း မကွေးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဟန်နီလာထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဇင်အောင်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံ၊ မိမိလူမျိုးနှင့် အံဝင်ခွင်ကျဖြစ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ပြည်သူများလိုလားသည့် စနစ်နှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းလာရေးအတွက် တစ်ဖက်က ကြိုးပမ်းခဲ့သကဲ့သို့ အခြားတစ်ဖက်က မိမိနိုင်ငံနှင့် မိမိလူမျိုးကို ခေတ်သစ် စနစ်သစ်အတွက် အခြေခံကောင်းများရရှိစေရန် အချိန်နှင့်အမျှ အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင်လည်း လူတန်းစားအလွှာစုံက တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်ပေါင်းတစ်ထောင်ကျော်တို့၏ အချင်းချင်း အပြန်အလှန်နားလည်မှုများဖြင့် ညှိနှိုင်းဆွေးနွေးမှုကြောင့် ရရှိခဲ့သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ သမိုင်းမော်ကွန်းတင်မှတ်တမ်းအဖြစ် တင်ရှိတော့မည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

အစွန့်ရှည်တည်တံ့ခိုင်မြဲ

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခန်း(၁၅)ခန်းခွဲပြီး ဖော်ပြထားကြောင်း၊ နိုင်ငံတော်အခြေခံမူများအခန်း နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများတွင် ဒို့တာဝန်အရေး(၃)ပါးကို အဓိကထားဖော်ပြထားကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့်အခြေခံရမည့်မူများ၌ နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဟုပါရှိကြောင်း၊ ဤအချက်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး အနှစ်သာရကို ကာကွယ်ဖော်ဆောင်ထားသည်မှာ ထင်ရှားနေကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို သတ်မှတ်ပေးခဲ့ကြောင်း၊ ဤအချက်များသည် တိုင်းရင်းသားညီအစ်ကိုများအားလုံး မိမိဒေသကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်တိုင် စီမံအုပ်ချုပ်နိုင်အောင် သတ်မှတ်ပေးထားသည့် မွန်မြတ်သည့်အခြေခံမူများဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်နှင့်အတူ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံအဝန်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ကြိုးပမ်းချက်ကြောင့် ရရှိခဲ့သည့် တည်ငြိမ်အေးချမ်းမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပြီး နေ့မအား၊ ညမနား ဆောင်ရွက်ခဲ့မှုကြောင့် ရရှိခဲ့သည့်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖော်ဆောင်ရေးလုပ်ငန်းစဉ် အခြေအနေကောင်းများကို ရပ်တန့်သွားအောင် ပြည်တွင်းပြည်ပ သစ္စာဖောက်ပုဆိန်ရိုးများက နှောင့်ယှက်ဟန့်တားလျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပမှ အမျိုးသားညီလာခံ မဖြစ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သော်လည်း ညီလာခံကြီး အောင်မြင်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အခြေခံဥပဒေရေးဆွဲပြီးပါက ၎င်းတို့ ဝင်ရောက်နိုင်မည်မဟုတ်သည့်အတွက် နှောင့်ယှက်နေကြခြင်း ဖြစ်ကြောင်း၊ နှောင့်ယှက်ဖျက်ဆီးနိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ခေါင်းဆောင်မှုသင်တန်း၊ ဖောက်ခွဲဖျက်ဆီးမှုသင်တန်း၊ ဆူပူအုံကြွမှုဖြစ်အောင်လုပ်နည်း သင်တန်းများပေးပြီး ငွေကြေးများလည်း ထောက်ပံ့ပေးခဲ့ကြောင်း၊ အလုပ်သမား၊ လယ်သမားနှင့်ကျောင်းသားလူငယ်များမကျန် ပြည်သူလူထု ပါဝင်လာအောင် နည်းမျိုးစုံဖြင့် လှုံ့ဆော်စည်းရုံးခဲ့သည်သာမက ကျောင်းသင်္ခမ်းများတွင် ပရိယတ္တိစာပေအပတ်တကုတ် ကြိုးပမ်းအားထုတ်နေကြသော သံဃာငယ်များကို သွေးထိုးမြှောက်ပင့်ပြီး လမ်းပေါ်ထွက်လမ်းလျှောက်စေခြင်းဖြင့် ၁၉၈၈ခုနှစ် အရေးအခင်းကဲ့သို့ တစ်နိုင်ငံလုံး ဆူပူအုံကြွလာအောင် ကြိုးပမ်း လုပ်ဆောင်ခဲ့ကြကြောင်း၊ သို့ရာတွင် အတိတ်၏ ဆိုးကျိုးများကို သိရှိခံစားခဲ့ကြပြီးဖြစ်သည့် တိုင်းရင်းသားပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားပြီး ဆူပူမှုကို မလိုလားသည့်အတွက် အဖျက်သမားများ၏ လုပ်ရပ်များတွင် မပါဝင်ဘဲ ပြည်သူများက ၎င်းတို့အဖျက်လုပ်ငန်းများကို ဆန့်ကျင်ရှုတ်ချခဲ့ကြကြောင်း။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် သဘာပတိ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဌေးမောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆန့်ကျင်ရှုတ်ချ

မိမိတို့ မကွေးတိုင်းအတွင်းရှိ ပြည်သူများကလည်း တည်ငြိမ်မှု၊ အေးချမ်းမှုကိုပင် လိုလားကြောင်း၊ ဆူပူအကြမ်းဖက်မှုကို မလိုလားကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်နှောင့်ယှက်ဖျက်ဆီးသူများအား မကွေးတိုင်း ပြည်သူလူထုကိုယ်စားပြု ဤအစည်းအဝေးကြီးကနေ ဆန့်ကျင်ရှုတ်ချလိုက်ကြောင်း။

အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ကျော် စုပေါင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတော်ကြီးအတွင်းတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးအတွက် ခိုင်မာသည့် အာမခံချက်များ ပေးစွမ်းနိုင်မည် မလွဲဧကန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ဤလူထုအစည်းအဝေးကြီးတွင် လေးလေးနက်နက် တင်သွင်းအပ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မော်မော်ချစ်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်း ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကို ချစ်မြတ်နိုးကြသည့် နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံထားကြသည့် မွန်မြတ်မှန်ကန်သော ပန်းတိုင်ဖြစ်ကြောင်း၊ ဤမွန်မြတ်သည့်ပန်းတိုင်ကို အရောက်လှမ်းကိုင်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ဝိဝါဒကွဲပြားစရာမလိုသည့် ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

8-10 (07) 1 10/8/07, 2:14 AM

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်မောင် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဦးထိပ်ပန်ဆင်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးအနေဖြင့် ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ရေး၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ချစ်ကြည်စည်းလုံးမှု ပိုမိုခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ရေးတို့သည် သမိုင်းကပေးထားသည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်နယ်၊ တိုင်းများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် နိုင်ငံတိုင်းအတွက် ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ရေးသည် အသက်တမျှ အရေးကြီးလှကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် ပြည်ထောင်စုနိုင်ငံအချို့တွင် ပြည်ထောင်စုပြိုကွဲပြီး တိုင်းပြည်အစိတ်စိတ်အမွှာမွှာဖြစ်ကာ နိုင်ငံ့စွမ်းအားယိမ်းယိုင်ခဲ့ရသည့်အခြေအနေများကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်နှင့် အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရပြီး တပ်မတော်က အချိန်မီထိန်းသိမ်းကာကွယ်ခဲ့ရသည့် သာဓကများ အထင်အရှားရှိခဲ့ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

ထို့ကြောင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရေးသည် အဓိကကျသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်သည် ရှေးပဝေသဏီကတည်းက နှစ်ပေါင်းထောင်ချီသည့် သမိုင်းတစ်လျှောက် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စုစည်းညီညွတ်စွာ နေထိုင်လာခဲ့ကြကြောင်း၊ အရေးကြီးလျှင် သွေးနီးခဲ့ကြသည့် အမျိုးချစ်သည့် နိုင်ငံသားများဖြစ်ကြောင်း အတိတ်သမိုင်းကြောင်းများက သက်သေပြလျက်ရှိကြောင်း၊ နယ်ချဲ့လက်သစ်များသည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု လျော့နည်းအောင် လက်ရဲဇက်ရဲဖြင့် ဖြောင်ကျကျလုပ်ဆောင်ခဲ့ကြကြောင်း၊ စည်းလုံးညီညွတ်မှုရှိနေလျှင်လည်း ပြိုကွဲအောင်ကြံဆောင်ခဲ့ပြီး ပြည်တွင်းကပုဆိန်ရိုးများကို အားပေးအားမြှောက်လုပ်ကြပြန်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပဆန့်ကျင်နေသည့်အဖွဲ့အစည်းများ၏ နှောင့်ယှက်၊ ဖောက်ခွဲဖျက်ဆီးနည်းမျိုးစုံဖြင့် ဆန့်ကျင်မှုများကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားရင်း ပြည်သူတို့လိုလားသည့်ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပေါ်လာရေးတို့ကို အစဉ်တစိုက်အလေးထား ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရကြောင်း၊ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မည်သည့်ခေတ်ကာလနှင့်မျှမယှဉ်သာအောင် တိုးတက်ဖြစ်ထွန်းမှုများရရှိနေပြီး ပြည်သူအများလိုလားတောင့်တနေသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အောင်မြင်စွာတည်ဆောက် ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း။

ဘာသာ သာသနာကိုခုတုံးလုပ်

ယနေ့မျက်မှောက်ကာလတွင် ဤကဲ့သို့ဖြစ်ပေါ်တိုးတက်မှုများကို အကောင်းမမြင်နိုင်ဘဲ ရပ်တန့်သွားအောင်၊ ပျက်ပြားသွားအောင် ကြံစည်လုပ်ဆောင်လာသည့် အဖွဲ့အစည်းများလည်းရှိနေသေးသည်ဆိုသည်ကို မယုံနိုင်စရာ တွေ့နေရကြောင်း၊ အစိုးရကိုဆန့်ကျင်နေသည့် ပြည်တွင်းပြည်ပက အဖွဲ့အစည်းများသည် အမျိုးသားညီလာခံပျက်ပြားစေရန် ဆန့်ကျင်တိုက်ဖျက်ရေး၊ အခြေခံဥပဒေ ဆက်လက်ရေးဆွဲခြင်းမပြုနိုင်ရန်နှင့် အတည်မပြုနိုင်ရန် ဆန့်ကျင်တိုက်ဖျက်ရေး၊ (၈၈)အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်လာအောင် နည်းလမ်းမျိုးစုံသုံးပြီး ဆောင်ရွက်ရေး၊ ဖောက်ခွဲဖျက်ဆီးမှုများအပါအဝင် အဖျက်လုပ်ငန်းများကို ပြည်တွင်းပြည်ပပူးပေါင်းပြီး ဆောင်ရွက်ရေးလုပ်ငန်းစဉ်များချမှတ်ပြီး ဖြတ်လမ်းနည်းဖြင့် အာဏာရယူရန် ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် မသိနားမလည် အမြင်မကျယ်သေးသော ကျောင်းသားလူငယ်များကိုပါ နည်းမျိုးစုံဖြင့် ဆွဲဆောင်စည်းရုံးခဲ့ကြောင်း၊ အဆိုးဆုံးအချက်မှာ ဗုဒ္ဓဘာသာဝင်များ ကြည်ညိုကိုးကွယ် ဆည်းကပ်ရသော သံဃာထုအတွင်း ထိုးဖောက်ဝင်ရောက်ပြီး သံဃာအချို့ကို အသုံးပြုသွားသည့်အတွက် အဖျက်သမားများအနေဖြင့် ၎င်းတို့လိုချင်သော အာဏာရရန်ဆိုလျှင် ဘာသာသာသနာကိုပင် ခုတုံးလုပ် စော်ကားဝံ့သည်ဆိုသည်မှာ ထင်ရှားနေကြောင်း။

ပြည်တွင်းပြည်ပ အဖျက်သမားများအနေဖြင့် BBC, VOA, RFA, DVB တို့၏ မြှောက်ပင့်သွေးထိုးလှုံ့ဆော်မှုများကိုအသုံးချပြီး ၎င်းတို့အာဏာရရန်အတွက် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏အခြေအနေသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေကြောင်း စွပ်စွဲချက်များဖြင့် နိုင်ငံတော်၏ အချုပ်အခြာပိုင်စိုးမှုကို ထိပါးစေမည့် လှုံ့ဆော်တောင်းဆိုမှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း၊ ပြည်ပအင်အားကြီး နိုင်ငံအချို့ကလည်း ငွေကြေးသြဇာ အရှိန်အဝါများသုံးပြီး ရုပ်သေးရုပ်အစိုးရတင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ပြည်ပြေးအဖျက်သမားများကလည်း မြန်မာနိုင်ငံတွင် ပြည်ပသြဇာခံ အစိုးရတက်လာမှ မြန်မာ့နိုင်ငံရေး

ဒီမိုကရေစီအကြောင်းပြပြီး ရရှိနေသည့် ပြည်ပအထောက်အပံ့များ ဆက်လက်ရရှိရေး အဖျက်လုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်နေ

စင်မြင့်တွင် ကျေးဇူးရှင်ကြီးများအဖြစ် ပြန်တက်လာနိုင်ရေး၊ ဒီမိုကရေစီအကြောင်းပြပြီး ရရှိနေသည့် ပြည်ပထောက်ပံ့ငွေများ ဆက်လက်ရရှိရေးတို့အတွက် ယခုကဲ့သို့ အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းလုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ဤအဖျက်လုပ်ရပ်များသည် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်ဖျက်ဆီးရာရောက်ကြောင်း၊ သို့ရာတွင် မိမိတို့ပြည်သူများက အတိတ်သမိုင်းက ဆိုးကျိုးများကို ကိုယ်တွေ့မျက်မြင်သိရှိခဲ့ကြပြီးဖြစ်သည့်အတွက် ဤအဖျက်လုပ်ရပ်များကို လက်မခံကြောင်း၊ ပြည်နယ်နှင့် တိုင်းများတွင် လူထုအစည်းအဝေးကြီးများကို လူဦးရေ သိန်းသောင်းချီသည့် အင်အားများဖြင့် တက်ရောက်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြ

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို ဂန့်ဂေါခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး စိန်လှ (အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

သည့်အပြင် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထောက်ခံကြိုဆိုခဲ့ကြကြောင်း၊ မြို့နယ်အသီးသီးတွင်လည်း ထောင်သောင်းချီသည့် အင်အားများဖြင့် အဖျက်သမားများ၏ လုပ်ရပ်များနှင့်၎င်းတို့အား ဝိုင်းဝန်းအားပေးအားမြှောက်ပြုနေသူများကို ဆန့်ကျင်ရှုတ်ချလျက်ရှိကြောင်း။

လက်တွဲညီညီ

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြည်တွင်းပြည်ပ အဖျက်သမားများက ညီလာခံအပေါ် ပုတ်ခတ်နေသံများကို တိုင်းရင်းသားပြည်သူများ၏ ထောက်ခံကြိုဆိုသံများက ဖုံးလွှမ်းထားပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြသည့် ပြည်သူများ၏ ပဲ့တင်သံများသည် မြန်မာ့သမိုင်းမော်ကွန်းတွင် ကမ္ပည်းတင် ကျန်ရစ်နေမည်ဖြစ်၍ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးက ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး လက်တွဲညီညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကတိပြုပြောကြားရင်း အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို တောင်တွင်းကြီးမြို့မှ ဦးစောဝင်းမောင် ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းတာဝန်ပေးအပ်

ဆက်လက်၍ ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်နုနုအောင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ၁၉၈၈ ခုနှစ်တွင် ပယောဂစုံပါဝင်သော တိုင်းဆူပြည်ဖျက်အရေးအခင်းကြောင့် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရတော့မည့်အခြေအနေတွင် တပ်မတော်သည် သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံ့တာဝန်အရပ်ရပ်ကို ထိန်းသိမ်းကာကွယ်ရယူခဲ့ရကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်ရန်မှန်သမျှကို ဖယ်ရှားရှင်းလင်းရင်း နိုင်ငံတော်တွင်အေးချမ်းတည်ငြိမ်မှု အခြေအနေကောင်းများရရှိအောင် ဦးစွာတည်ဆောက်ခဲ့ရကြောင်း၊ တည်ငြိမ်အေးချမ်းမှုအခြေအနေကောင်းများဖြစ်ထွန်းလာပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း အစီအစဉ်တကျတည်ဆောက်နိုင်ခဲ့ကြောင်း တွေ့ရကြောင်း၊ ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် လိုအပ်သော အမိန့်များကိုထုတ်ပြန်ပြီး အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

အမျိုးသားညီလာခံကျင်းပရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲသုံးကြိမ်ကျင်းပခဲ့ရာ ဦးဆောင်ကျင်းပရေးကော်မတီဝင်များအပြင် နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြောင်း။

ဤဆွေးနွေးပွဲများမှ အမျိုးသားညီလာခံသို့ တိုင်းရင်းသားပြည်သူအားလုံးကို ကိုယ်စားပြု၍ မည်သူတို့တက်ရောက်သင့်သည်၊ မည်သည့်ဦးတည်ချက် ချမှတ်သင့်သည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ ဦးဆောင်ကျင်းပရေးကော်မတီကလည်း

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို မင်းဘူးမြို့မှ ဦးကျော်ဝင်းမြင့် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မိမိတို့ပါတီအရေးထက် တစ်မျိုးသားလုံးအရေးကို ဦးစားပေးရန်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထားရန် နှိုးဆော်အကြံပြုခဲ့ကြောင်း။

ကူညီပံ့ပိုးဆောင်ရွက်

နိုင်ငံတစ်နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးတော့မည်ဆိုလျှင် နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုကြမည့် ပါတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့၏ပုဂ္ဂလိကအကျိုး၊ အဖွဲ့အစည်းအကျိုးထက်၊ ပြည်သူတို့၏ အကျိုးစီးပွားကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်အောင် ထိန်းကျောင်းပေးမည့် ပဋိညာဉ်စာချုပ်ကြီးသဖွယ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ ဤသို့ရေးဆွဲနိုင်ရန် တစ်မျိုးသားလုံးကို ကိုယ်စားပြုနိုင်ရေးအတွက် အမျိုးသားညီလာခံသို့တက်ရောက်ရမည့် ကိုယ်စားလှယ်အမျိုးအစားများကို ညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲများက သတ်မှတ်ပေးခဲ့ကြောင်း တွေ့ရကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးအတွက် ကိုယ်စားလှယ်အမျိုးအစား သတ်မှတ်ခြင်း၊ ညီလာခံဦးတည်ချက်များချမှတ်ခြင်းတို့ကိုလည်း ဦးဆောင်ကျင်းပရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီနှင့် တစ်သီးပုဂ္ဂလရွေးချယ်ခံ ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်းသာဖြစ်ကြောင်း။

အမျိုးသား ညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုထားသော တိုင်းပြုပြည်ပြု ညီလာခံကြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံဆုံးဖြတ်ရမည့် ကိစ္စများကို ဆုံးဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို အလွှာပေါင်းစုံမှ တိုင်းရင်းသား ကိုယ်စားလှယ်ပေါင်းများစွာ၊ အဖွဲ့အစည်းများစွာ ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်ခဲ့ကြကြောင်း၊ အမျိုးသားညီလာခံတွင် အစု

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို မကွေးခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ခင်မော်မော်ချစ် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို ဂန့်ဂေါခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်ဒေါ်နုနုအောင် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို မကွေးတိုင်း မကွေးမြို့ လေဆိပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အဖွဲ့ရှစ်ဖွဲ့မှ ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော် တက်ရောက်ခဲ့ကြပြီး လွတ်လပ်စွာ အကြံပြုဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံသည် မြန်မာ့သမိုင်းတစ်လျှောက်ကျင်းပခဲ့ဖူးသည့် အမျိုးသားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများအနက် အကျယ်ပြန့်ဆုံးနှင့် လေးနက်မှုအရှိဆုံး ညီလာခံကြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားနေကြောင်း၊ တစ်နည်းအားဖြင့် တိုင်းရင်းသားပြည်သူအားလုံးကို ကိုယ်စားပြုဆောင်ရွက်သည့် စစ်မှန်သော အမျိုးသားညီလာခံကြီးဖြစ်ကြောင်း။

ပိုမိုရရှိ

သမိုင်းတွင်မည့် အမျိုးသားညီလာခံကြီးအား အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ညီလာခံကချမှတ်လိုက်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် တိုင်းရင်းသားလူမျိုးစုအသီးသီးအတွက် ဒီမိုကရေစီအခွင့်အရေးများ ပိုမိုရရှိအောင်နှင့် အခွင့်အရေးတန်းတူညီမျှ ပိုင်ပိုင်နိုင်နိုင်ရရှိစေရန် ဖော်ဆောင်ပေးမည့် အနာဂတ်နိုင်ငံတော်အတွက် အာမခံချက်အပြည့်အဝရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ ထို့အပြင် အခြေခံမူများသည် အနာဂတ်နိုင်ငံတော်ကို အမှီအခိုကင်းကင်း လောင်းရိပ်ရှင်းကာ ပြည်သူများကိုယ်တိုင် မိမိတို့အရေးအရာအားလုံးကို ဆုံးဖြတ်နိုင်သည့် တည်ဆောက်မှုပုံသဏ္ဌာန်နှင့်အနှစ်သာရတို့ကို နှစ်ထောင်းအားရဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံစတင်သည်မှ အောင်မြင်ပြီးစီးသည်အထိ ကိုယ်စားလှယ်တော်ကြီးများချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်းချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းယှဉ်ပါက တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားများအပေါ် အခြေခံပြီး အထူးတလည်ပေးအပ်ထားသည်ကို အထင်အရှားတွေ့ရကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးပြီး အခြေခံဥပဒေတစ်ရပ်ကို ပြည်သူတို့၏ဆန္ဒဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်မည်ဆိုပါက ပြည်ပအင်အားကြီးနိုင်ငံတချို့၏ မြန်မာနိုင်ငံကို ခေတ်သစ်ကျွန်ပြုရေး၊ ဩဇာခံ အရွေ့အရံနိုင်ငံ ထူထောင်ရေးနှင့် ပြည်တွင်းမှ ပြည်ပဩဇာခံအချို့၏ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေးသည် မလွဲမသွေပျက်စီး၊ ချုပ်ငြိမ်း၊ ဇာတ်သိမ်းသွားမည်ကို စိုးရိမ်သည့်အတွက် အဖျက်လုပ်ရပ်မျိုးစုံကို ဝိုင်းဝန်းလုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ဤအချက်ကို မိမိတို့ပြည်သူအားလုံးက သိရှိပြီး ၎င်းတို့၏အဖျက်လုပ်ရပ်များကို သတိရှိရှိ ကာကွယ်တားဆီးသွားရန် လိုကြောင်း။

လူတစ်စုသာဖြစ်

သို့ရာတွင် အဆိုးမြင်ဝါဒီများသည် အလွန်အင်အားနည်းပါးသည့် လူတစ်စုသာဖြစ်ပြီး အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုလားထောက်ခံသူများမှာ တစ်ပြည်လုံးအတိုင်းအတာဖြင့်ရှိနေကြောင်း၊ လက်ရှိ ပြည်နယ်၊ တိုင်း မြို့ကြီးများတွင် ကျင်းပနေသည့် လူထုအစည်းအဝေးကြီးများက သက်သေပြနေကြောင်း၊ ထို့ကြောင့် အဆိုရှင် တင်သွင်းသွားသည့် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

မြင့်မြင့်မားမားဖော်ဆောင်

ယင်းနောက် ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးစိန်လှ (အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးသည် မြန်မာ့သမိုင်းတစ်လျှောက် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားရေး တွေ့ဆုံဆွေးနွေးမှုများတွင် အကြီးမားဆုံးနှင့် အခမ်းနားဆုံး ညီလာခံကြီးဖြစ်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အရေးကြီးဆုံး သမိုင်းဝင်ကြိုးပမ်းဆောင်ရွက်မှုလည်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် ပတ်သက်ပြီး အတိတ်ကာလက ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အားနည်းချက်အချို့ရှိခဲ့သည့်အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အခက်အခဲ အကျပ်အတည်းများနှင့် ကြုံခဲ့ကြရကြောင်း၊ ထို့ကြောင့် ပေါ်ပေါက်လာတော့မည့် အခြေခံဥပဒေတွင် အားနည်းချက်မပါစေရန် နက်နက်ရှိုင်းရှိုင်း အမြော်အမြင်ရှိရှိ ဝေဖန်သုံးသပ်ပြီး အသေးစိတ်အခြေခံရမည့် မူများကို ချမှတ်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်သွားနိုင်တော့မည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများထဲက တပ်မတော်အခန်းတွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"ဟု အခြေခံမူတွင် ဖော်ပြထားကြောင်း၊ ဤအချက်သည် အနာဂတ်ကာလတွင် ဒို့တာဝန်အရေးသုံးပါးအပေါ် ယိုယွင်းပျက်ပြားမည့်အန္တရာယ်ရှိလာခဲ့လျှင် စုစည်းညီညွတ်ပြီး နိုင်ငံတော်၏သစ္စာကို ထာဝရစောင့်သိရှိသေသည့် တပ်မတော်နှင့် ပြည်သူများ ခိုင်ခိုင်မြဲမြဲ လက်တွဲထားနိုင်ရန်အတွက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့်အခြေခံမူများအခန်းတွင် အနာဂတ်နိုင်ငံတော်၏ ရပ်တည်မှုပုံသဏ္ဌာန်ကို ပြတ်ပြတ်သားသားဖော်ပြထားပြီး "နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု"ဟူသောအချက်သည် ဒို့တာဝန်အရေး(၃)ပါးထဲက တာဝန်တစ်ရပ်ဖြစ်သည့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အဓိကအာမခံထားသည့် အချက်တစ်ချက်ဖြစ်ကြောင်း ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း၊ သို့မှသာ ကမ္ဘာတည်သရွေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲနေမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့်အခြေခံမူများသည် အနာဂတ်နိုင်ငံတော်၏ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ စနစ်ထွန်းကားစေရေးကို ရှေးရှုထားသကဲ့သို့ နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာမည်ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် အခြေခံမူများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။

တားဆီးကာကွယ်

နိုင်ငံတော်၏ကောင်းမြတ်သောရှေ့ရည်မှန်းချက်ပန်းတိုင်များကို မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ဆန္ဒနှင့်အညီ ဖော်ဆောင်လျက်ရှိရာတွင် ပြည်တွင်းပြည်ပအဖျက်သမားတစ်စုသည် နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ဖျက်ဆီးနေကြသည်ကိုလည်း မိမိတို့အားလုံး မြင်တွေ့ကြားသိနေကြရကြောင်း၊ ပြည်ထောင်စုကြီးကို ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီလက်သစ်များနှင့် ပြည်ပဩဇာခံပြည်တွင်းသစ္စာဖောက်ပုဆိန်ရိုးများသည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ် တကျသပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန် လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်မှုများကိုလည်း အမျိုးသားရေးသတိကြီးစွာဖြင့် သိမြင်တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားပြည်သူများသည် အမှားနှင့်အမှန်၊ အကြောင်းနှင့်အကျိုး ဆင်ခြင်တုံတရားဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာပြီ ဖြစ်ကြောင်း၊ ပြည်ထောင်စုပြိုကွဲပြီး တိုင်းတစ်ပါးဩဇာခံ ဖြစ်မည့်အဖြစ်မျိုးကို လုံးဝလက်မခံနိုင်ဘဲ နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့် အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်ခဲ့ပြီး ပေါ်ပေါက်လာမည့် အခြေခံဥပဒေသည်လည်း နိုင်ငံနှင့်လူမျိုးအတွက် ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပုံဖော်ပေးမည်ဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အဆိုးမြင်ဝါဒီများသည် အလွန်အင်အားနည်းပါးသည့် လူတစ်စုသာဖြစ်ပြီး အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုလားထောက်ခံသူများမှာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ရှိနေကြောင်း လက်ရှိ ပြည်နယ်၊ တိုင်း မြို့ကြီးများတွင် ကျင်းပနေသည့် လူထုအစည်းအဝေးကြီးများက သက်သေပြနေ။

ပြည်တွင်းငြိမ်းချမ်းရေး

ထို့နောက် မကွေးခရိုင်မှ ဦးစောဝင်းမောင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဘက်ဘက်ကယိုယွင်းပြီး ဖရိုဖရဲ ပြိုကွဲတော့မည့်အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန် သမိုင်းပေးတာဝန်အရ နိုင်ငံတော်အာဏာအရပ်ရပ်ကို တပ်မတော်က ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တာဝန်ယူခဲ့ရကြောင်း၊ လက်ငင်းတာဝန်ကြီးလေးရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက သမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးရေးတို့ကို အစွမ်းကုန်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိလာသည့်အခါ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဖြစ်ထွန်း လာပြီဖြစ်သည့်အတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး အမြန်ဆုံးတည်ဆောက်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရန် နိုင်ငံရေးဦးတည်ချက်(၄)ရပ်ဖြစ်သော နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးတို့ကို နေ့မအား ညမနားဆောင်ရွက်ခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်ကြီး ရေရှည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ သက်ဆိုင်ရာဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲဆောင်ရွက်ရန် ကမ်းလှမ်းပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏စေတနာအမှန်ကို သိမြင်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ရာ အဖွဲ့ပေါင်း (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆောင်ရွက်မှုကြောင့် တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများရရှိခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်အစိုးရလက်ထက် ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆောင်ရွက်မှုသည် သမိုင်းမော်ကွန်းတင်ရမည့် အမြင့်မားဆုံး ဆောင်ရွက်မှုကြီးတစ်ရပ်ဖြစ်ကြောင်း၊ ယခင်အစိုးရအဆက်ဆက်က ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်မှုကို ယခုတပ်မတော်အစိုးရလက်ထက်ရောက်မှ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရကြောင်း၊ မည်သည့်ခေတ်၊ မည်သည့်အခါ၊ မည်သည့်အဖွဲ့အစည်းကမှ တည်ဆောက်အကောင်အထည်မဖော်နိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း တပ်မတော်အစိုးရက အကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကိုကြည့်မည်ဆိုလျှင် တည်ငြိမ်အေးချမ်းမှုကြောင့် နိုင်ငံအဝန်း ဘက်စုံ၊ ကဏ္ဍစုံတွင် တိုးတက်မှုအရှိန်အဟုန်များ ရရှိလျက်ရှိကြောင်း၊ မိမိတို့ မကွေးတိုင်းအတွင်းတွင် အဆင့်မြင့်လေယာဉ်ကွင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးနှစ်စင်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ၊ မကွေး-တောင်တွင်းကြီး ရထားလမ်း၊ ချောက်-ကြေးနီ ရထားလမ်း၊ မကွေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ်၊ ပညာရေးကောလိပ်၊ သမဝါယမကောလိပ်၊ သူနာပြုသင်တန်းကျောင်းများအပြင် ရေနံချောင်းဒီဂရီကောလိပ်၊ ပခုက္ကူမြို့နယ်တွင် ပခုက္ကူတက္ကသိုလ်၊ ပညာရေးကောလိပ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများနှင့် အခြားကဏ္ဍများပါ တိုးတက်ခဲ့သည့်အပြင် ဆည်မြောင်းကန်ချောင်း ရေလှောင်တမံတည်ဆောက်ရေး၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ဒေသဝမ်းစာဖူလုံရေးလုပ်ငန်း၊ စက်မှုဇုန်တည်ဆောက်ရေး လုပ်ငန်းများလည်း အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးခဲ့ကြောင်း၊ မိမိတို့တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများသည် တပ်မတော်နှင့် ပြည်သူလူထုတို့ လက်တွဲညီညီဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်များပင်ဖြစ်ကြောင်း။

တွန်းလှန်ချေဖျက်

နိုင်ငံတော်အစိုးရ၏ သဘောထားကြီးစွာဖြင့် တိုင်းရင်းသားပြည်သူများအတွက် စေတနာထားဆောင်ရွက်ပေးခဲ့သည့် လုပ်ရပ်မှာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး နိုင်ငံတော်သစ်ကို ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေးကို ဦးတည်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်အာဏာကို စနစ်တကျလွှဲပြောင်းပေးရန်အတွက် ဖြစ်သည်ဆိုသည်ကို ယုံမှားသံသယဖြစ်စရာ အကြောင်းမရှိကြောင်း၊ သို့ရာတွင် အားလုံးသိကြသည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်နေဆဲမှာပင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေး ဆောင်ရွက်နေသည်ကို ပျက်ပြားစေလိုသူများ၊ အာဏာကို ဖြတ်လမ်းက ရယူလိုသူများ၊ ပြည်ပဩဇာခံများ၊ ပွဲလန့်ဖျာခင်းလုပ်လိုသူများသည် ပြည်တွင်း တည်ငြိမ်မှုပျက်ပြားအောင် နိုင်ငံတော်တွင် လုပ်ဆောင်နေကြကြောင်း၊ ဤလုပ်ရပ်များကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့် အမြဲသတိထားပြီး တွန်းလှန်ချေဖျက် ကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ဤညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေတည်ပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက် လက်ခံကြိုဆိုပြီး အတည်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးသည် မျက်မှောက်ကာလတွင် အဓိကအမျိုးသားရေး တာဝန်ကြီးတစ်ရပ်ဖြစ်ကြောင်း တင်ပြရင်း အဆိုရှင် တင်သွင်းသွားသည့် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

စာမျက်နှာ ၁၄ ကော်လံ ၁

အမေရိကန်တို့ကြောင့် အီရတ်ပြည်သူတို့ဘဝ ဒုက္ခပင်လယ်ဝေနေရ

အီရတ်ပြည်သူတို့၏ အကျပ်အတည်းကို ကမ္ဘာက ယခုအထိ မသိကျိုးကျွန်ပြု အီရတ်ဒုက္ခသည်များအတွက် နယ်စပ်များကိုဖွင့်ပေးရန် တိုက်တွန်း

ဂျီနီဗာ အောက်တိုဘာ ၇

ပြည်တွင်းမတည်မငြိမ်မှုများမှ လွတ်မြောက်ရန် ကြိုးပမ်းကြသည့် အီရတ်ပြည်သူများမှာ ပိုမိုဆိုးရွားလာနေကြောင်း၊ အထူးသဖြင့် သူတို့၏ နောက်ဆုံးထွက်ပေါက်ကို ဆီးရီးယား၏ ယခုရက်သတ္တပတ်တွင် ပြန်လည်ချမှတ်လိုက်သော စည်းမျဉ်းစည်းကမ်းများကြောင့် အီရတ်ပြည်သူများမှာ ပိုမိုပိတ်မိသွားရကြောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်)က အောက်တိုဘာ ၅ ရက်က ကြေညာသည်။

တိုက်တွန်း

အီရတ်ပြည်သူတို့၏ အကျပ်အတည်းကို ကမ္ဘာက ယခုအထိ မသိကျိုးကျွန်ပြုနေကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအင်တိုနီယိုဂူတာရက်က ပြောကြားသည်။ အီရတ်ဒုက္ခသည်များအတွက် နယ်စပ်များကိုဖွင့်ပေးရန် နိုင်ငံအားလုံးသို့ ၎င်းက တိုက်တွန်းလိုက်သည်။ ယခုအခါ အီရတ်ပြည်သူ ၂ဒသမ၂သန်း အိုးမဲ့အိမ်မဲ့ဖြစ်ရပြီး ၂ဒသမ၂သန်းတို့မှာ အိမ်နီးချင်းနိုင်ငံများသို့ထွက်ပြေး ကြရသည်။ ဆီးရီးယား၌ အီရတ်ဒုက္ခသည် ၁ဒသမ ၄သန်းနှင့် ဂျော်ဒန်၌ ၇၅၀၀၀၀ရှိသည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မှကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးတောင်းဆို

ဝါရှင်တန် အောက်တိုဘာ ၇

အမေရိကန်သမ္မတ ရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်အရွေး ခံမည့် ဘီလ်ရစ်ချတ်ဆင်က အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ချက်ချင်းအပြီးအပိုင် ရုပ်သိမ်းပေးရေးကို ဒီမိုကရက်တစ်ပါတီမှ သူ၏ပြိုင်ဘက်များက ထောက်ခံရန် ပျက်ကွက်ကြသည်ဟု အောက်တိုဘာ ၄ ရက်တွင် ဝေဖန်လိုက်သည်။

ဤအချိန်အခါသမယသည် မိမိတို့အမေရိကန်တပ်ဖွဲ့ဝင်အားလုံးရုပ်သိမ်းရမည့်အချိန်ဖြစ်ကြောင်း ရစ်ချတ်ဆင်က ဂျော့ဂျ်တောင်းတက္ကသိုလ် ဟောပြောပွဲ၌ ပြောကြားသည်။ ဒီမိုကရက်တစ် သမ္မတလောင်းနေရာအတွက် ပြိုင်ဘက်များဖြစ်ကြသည့် ဟီလာရီကလင်တန်၊ ဘာရက်အို ဘားမားနှင့် ဂျွန်အက်ဒွပ်တို့သည် အီရတ်မှအမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးတွင် စောင့်ကြည့်မည့် သဘောထားများရှိကြသည်ဟု ရစ်ချတ်ဆင်က ထောက်ပြပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ အီတလီတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ရောမ အောက်တိုဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်လက ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာသော အီတလီထောက်လှမ်းရေးတစ်ဦးသည် အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက တာလီဘန်တိုက်ခိုက်ရေးသမားများကို နှိမ်နင်းမှုများပြုလုပ်သည့် စစ်ဆင်ရေးတစ်ခု၌ သေဆုံးသွားကြောင်း အီတလီစစ်ဘက်က အောက်တိုဘာ ၄ရက်၌ သတင်းထုတ်ပြန်သည်။

အသက်၃၃နှစ်အရွယ်ရှိ လိုရင်ဇိုဒီအော်ရီရာသည် တာလီဘန်တို့အား စစ်ဆင်ရေးဆောင်ရွက်စဉ် ဦးခေါင်းနှင့် လည်ပင်းတို့ကို သေနတ်ထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ အခြားအီတလီတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ပြန်လည်ရုပ်သိမ်း

အာဖဂန်နစ္စတန်ရှိ အီတလီတပ်ဖွဲ့ဝင်များ ပြန်ပေးဆွဲခံရမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့ကြောင့် အီတလီဝန်ကြီးချုပ် ရိုမန်နိုပရိုဒီအစိုးရအနေဖြင့် တပ်ဖွဲ့ဝင်များပြန်ရုပ်သိမ်းရန် ဖိအားပေးခံရလျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်ကိုထောက်ခံသူတစ်ဦး ဘဂ္ဂဒက်တွင် အသတ်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏တောင်ဘက် ဘာဘယ်လ်ပြည်နယ်တွင် အောက်တိုဘာ၆ရက်က အီရတ်ရှိ အယ်ခိုင်ဒါကွန်ရက်ကိုဆန့်ကျင်တိုက်ခိုက်နေသည့် အမေရိကန်နှင့်အီရတ် အစိုးရပူးပေါင်းအဖွဲ့ကို ထောက်ခံသည့် လူတစ်ဦး၏အလောင်းကို အီရတ်ရဲတပ်ဖွဲ့ကတွေ့ရှိခဲ့ကြောင်း ပြည်နယ်ရဲသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ညှဉ်းပန်းနှိပ်စက်

ဘဂ္ဂဒက်မြို့၏တောင်ဘက် ကီလိုမီတာ ၅၀အကွာ အစ်စကန်ဒရီယက်ချ်မြို့အနီးတွင် စည်းရုံးရေးအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဖာဒီလ်အလီအယ်လ် ဂျာနာဘီ၏ အလောင်းကို တွေ့ရခြင်းဖြစ်ကြောင်း၊ ညှဉ်းပန်းနှိပ်စက်ပြီး စွန့်ပစ်ထားသည့် လက္ခဏာများကိုတွေ့ရကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

သေဆုံး

သီးခြားဖြစ်စဉ်တွင် ယင်းနေ့နံနက်ပိုင်းက ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၈၀အကွာ မာဟာဝီလ်မြို့တွင် အမည်မသိ လက်နက်ကိုင်တစ်စု၏ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်းကယ်ကွတ်၌ ကားဗုံးပေါက်ကွဲ ခုနစ်ဦးဒဏ်ရာရ၊ မော်တော်ယာဉ်များပျက်စီး

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံမြောက်ပိုင်းကယ်ကွတ်မြို့တွင် အောက်တိုဘာ၆ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် အီရတ်ပြည်သူ ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ကယ်ကွတ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးပေါက်ကွဲ

ကားဗုံးပေါက်ကွဲမှုမှာ ကယ်ကွတ်မြို့ မြောက်ပိုင်း မူဆာလာအရပ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ ထိုနေရာသို့ အီရတ်ရဲတပ်ဖွဲ့ဝင်များ၏ ကင်းလှည့်မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်စဉ် အောက်တိုဘာ ၆ရက် နံနက်၁၁နာရီ မိနစ်၃၀အချိန်၌ ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ထိခိုက်ဒဏ်ရာရ

ထိုသို့ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့မော်တော်ယာဉ် ပျက်စီးသွားပြီး ရဲတပ်ဖွဲ့ဝင် လေးဦးလည်း ဒဏ်ရာရရှိသွားသလို အနီးဝန်းကျင်ရှိလူများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကာကွတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **ကျူးဘားနိုင်ငံ အရှေ့ပိုင်း ဂရန်မာ ပြည်နယ် ယာရာမြို့တွင် အောက်တိုဘာ ၇ရက်က ခရီးသည်တင်ရထားတစ် စင်း နှင့် ဘတ် စ် ကား တစ်စီးတို့တိုက်မိခဲ့ရာ၂၈ဦး သေဆုံးပြီး ၇၀ဒဏ်ရာရရှိခဲ့ကြောင်း အင် တာ နက် သတင်း၌ဖော်ပြသည်။** (ယာပုံ)

❖ အစားအိမ်ကင်ဆာဝေဒနာခံစားနေရသော အသက် ၆၉ နှစ်အရွယ် နယ်သာလန်အမျိုးသားကြီး ကောအူတီလပ်သည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် အောက်တိုဘာ ၆ ရက်က ကျင်းပသော ရှန်ဟိုင်းအထူးအိုလံပစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ နိုင်ပွဲများရလျက်ရှိရာ မိမိသည် ရွှေတံဆိပ်ရရှိမည် မျှော်မှန်းထားကြောင်း ပြောကြားသည်ဟု တရုတ်မီဒီယာများက ဖော်ပြသည်။

❒ **စပိန်နိုင်ငံမြောက်ပိုင်း မာရီရာနာကျွန်းကမ်းလွန်တွင် အောက်တိုဘာ၇ ရက်က အင်အားရစ်ချ်တာစကေး ၆ ရှိသည့် ငလျင်လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ ဗီယက်နမ်အလယ်ပိုင်း ဟွာဆင်နှင့် နန်ဘင်ပြည်နယ်များတွင် အောက်တိုဘာ ၇ ရက်က ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် ၄၈ဦး သေဆုံးပြီး ၁၄ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **ကမ္ဘာပေါ်တွင် အကြီးဆုံးအာကာသအဏုကြည့်မှန်ပြောင်းတစ်ခုကို လာမည့် ၂၀၁၂ ခုနှစ်၌ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာအာကာသသုတေသနအဖွဲ့က အောက်တိုဘာ ၇ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါ အာကာသအဏုကြည့်မှန်ပြောင်းသည် လက်ရှိကမ္ဘာ့အကြီးဆုံးအာကာသအဏုကြည့်မှန်ပြောင်းထက် အဆ ၅၀ ပိုကြီးပြီး တောင်အာဖရိက သို့မဟုတ် ဩစတြေးလျနိုင်ငံ၌ တည်ဆောက်သွားမည်ဖြစ်သည်။**

❖ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ယီချန်မြို့အနီးတွင် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက သစ်တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၁၆၀၀ ကျော်တို့ မီးငြိမ်းသတ်လျက်ရှိကြောင်း၊ အဆိုပါ မီးလောင်ကျွမ်းမှုမှာ အပူချိန် မြင့်မားခြင်းကြောင့်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **ဆိုက်ပရပ်နိုင်ငံတောင်ပိုင်း လီမာဆိုလ်မြို့တွင် အောက်တိုဘာ ၆ ရက်က ဂရိနိုင်ငံသားနှစ်ဦးထံမှ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ခန့်က ရှေးဟောင်းပစ္စည်းများဖြစ်သည့် ဒရိုးပြားများ၊ ရတနာများ စီခြယ်ထားသည့် ရွှေသစ်ရွက် များစသည့် ရှေးဟောင်းပစ္စည်းအမျိုးအစား ၄၀ ခန့်ကို ဆိုက်ပရပ်ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနောက်တောင်ပိုင်းရှိ မီနပ်စ်မြို့အနီးတွင် လွန်ခဲ့သော အေဒီ ၇ ရာစုခန့်က ထုလုပ်ခဲ့သော ဖာရိုးဘုရင်တစ်ပါး၏ သစ်သားရုပ်တုတစ်ခုကို အီဂျစ်သုတေသနပညာရှင်များက အောက်တိုဘာ ၆ ရက်တွင် တူးဖော်တွေ့ရှိခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နှင့် ဘုတလင်မြို့တို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နှင့် ဘုတလင်မြို့တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၅ ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ဘုတလင်

အလားတူ ဘုတလင်မြို့၌ ပြည်သူအင်အား ၁၈၀၀၀ ကျော်တို့သည် အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ဘုတလင်မြို့ ပြည်သူ့အားကစားကွင်းမှ ဘုတလင်–မောင်းထောင်လမ်းအတိုင်း ဗန္ဓုလကြေးရုပ်၊ ၎င်းမှ မုံရွာ–ရေဦးလမ်းမကြီးအတိုင်း၊ ၎င်းမှ ပြည်သူ့အားကစားကွင်းအတွင်းသို့ လှည့်လည်၍ ဒို့တာဝန် အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိစသည့် ကြွေးကြော်သံများကို သံပြိုင် ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများ ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ဆူပူအကြမ်းဖက်မှု အန္တရာယ် ဒို့ကာကွယ်၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်ရမည်၊ အမျိုးသားညီလာခံကိုထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ဘုတလင်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ထီးချိုင့်

ထီးချိုင့်မြို့၌ ပြည်သူအင်အား ၈၀၀၀ ခန့်တို့သည် အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မြို့မအားကစားကွင်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ကိုယ့်မင်းကိုယ်ချင်းလမ်းဆုံ၊ ၎င်းမှကိုယ့်မင်းကိုယ်ချင်းလမ်းအတိုင်း အမှတ်(၄)ဈေးလမ်းဆုံ၊ ၎င်းမှ ဘုရင့်နောင်လမ်းဆုံ၊ ၎င်းမှ ဘုရင့်နောင်လမ်းအတိုင်း၊ ဗိုလ်ချုပ်လမ်းအတိုင်း၊ ကိုယ့်မင်းကိုယ်ချင်းလမ်းဆုံသို့ လှည့်လည်၍ ဒို့တာဝန် အရေး(၃)ပါး၊ ပြည်တွင်းပြည်ပအဖျက်သမားများ အလိုမရှိ၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်မှု အန္တရာယ် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ပြည်ပ သွေးထိုးလှုံ့ဆော်မှုများ ရပ်တန့်ကရပ်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အမေကျော် ဒွေးတော် မလွမ်းနဲ့၊ ပြည်ပ သွေးထိုးမှုများ ဒို့မလိုလား၊ ဆရာဒကာ သွေးစည်းမှု ဒို့ရေးရှု၊ အမျိုးသားညီလာခံကိုထောက်ခံသည်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်ရမည်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

လက်ရှိဖြစ်ပေါ်နေသော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ထီးချိုင့်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။
(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် တာမွေမြို့နယ်ရှိ အခွန်လွတ်ဈေးများအတွင်း တည်ခင်းရောင်းချနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်သည် စိတ်ချမ်းသာစွာ ဝယ်ယူနေကြသည့် ပြည်သူများအား ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်ပြီး တာဝန်ရှိသူများအား အခွန်လွတ်ဈေး၏ ရည်ရွယ်ချက်ငါးရပ်နှင့်အညီ ဆောင်ရွက်ရေး ကိစ္စရပ်များကို အကျယ်တဝင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ (၈–၁၀–၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။

မန္တလေး

မန္တလေးနှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးကြီးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော (၄၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားအဖြစ် တပ်ဖွဲ့ဝင်များနှင့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်၊ ဇနီး ဒေါ်မြမြဝိုင်းနှင့် တပ်ဖွဲ့ဝင်မိသားစုတို့က ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၏(၄၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်က ဖတ်ကြားပြီး ရဲလုပ်ငန်းတာဝန်ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသူ ၂၀၊ သင်တန်းနှင့် အားကစားထူးချွန်ကြသူ ၂၆ဦး၊ မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့ကြသူ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သုံးဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ယင်းနောက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဇနီးဒေါ်မြမြဝိုင်းက ပဋ္ဌာန်းဒေသနာရွတ်ဆိုပြိုင်ပွဲတွင် ဆုရမိသားစုများနှင့် ၂၀၀၇ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၏ သားသမီး ၁၁ ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

မိုးရွာသွန်းလေသမျှ

(၇-၁၀-၂၀၀၇)

နေပြည်တော်
၀ ဒသမ ၂၈ လက်မ

စစ်တွေ
၁၀ ဒသမ ၅၁ လက်မ

မာန်အောင်
၈ ဒသမ ၈၁ လက်မ

မောင်တော
၇ ဒသမ ၃၇ လက်မ

ကျောက်ဖြူ
၆ ဒသမ ၂၂ လက်မ

သံတွဲ
၆ ဒသမ ၁၈ လက်မ

အာဆင်နယ်တို့နိုင်ပွဲဆက်ပြီး တန်းစီဇယားကို ဦးဆောင် ချယ်လ်ဆီးတို့ သုံးမှတ်ရသော်လည်း ဘင်နီတက်ဇ် တစ်မှတ်သာရရှိ

သတင်းမြင်ကွင်း

မောင်ချစ်ကြည်

လန်ဒန် အောက်တိုဘာ ၇

ပရီမီယာလိဂ်ပွဲစဉ်(၉)ကို အောက်တိုဘာ၇ရက်က ဆက်လက်ကစားရာ အာဆင်နယ်က ဆန်းဒါးလန်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ချယ်လ်ဆီးတို့ကလည်း အဝေးကွင်း၌ ဘော်လ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ချယ်လ်ဆီးနည်းပြသစ်ဂရန့် ပရီမီယာလိဂ်၌ နိုင်ပွဲဈေးဦး ပေါက်သွားခဲ့ပြီဖြစ်သည်။ လီဗာပူးနှင့် စပါးတို့ပွဲတွင်မူ တစ်ဖက်နှစ်ဂိုးစီ သရေပွဲကျသွားခဲ့သည်။

အာဆင်နယ်နှင့် ဆန်းဒါးလန်း

၄-၄-၂ အခင်းအကျင်းဖြင့် ပွဲထွက်လာသော အာဆင်နယ်သည် တိုက်စစ်တွင် ဗန်ပါစီနှင့် အဒီဘာယောကို ထားကာ တိုက်စစ်ဖွင့်ကစားခဲ့သည်။ ကွင်းလယ်မှ ဟဲဘ်၊ ဖလာမီနီ၊ ဖာဘရီဂတ်စ်နှင့်ဒီရာဘိုင်တို့ကလည်း တိုက်စစ်ကိုပံ့ပိုးပေးခဲ့ရာ အာဆင်နယ်တို့ ပွဲအစကတည်းက ဆန်းဒါးလန်းကို ဖိကစားနိုင်ခဲ့သည်။

အဖွင့်ဂိုး

ဆန်းဒါးလန်းကလည်း ၃-၄-၃ပုံစံဖြင့် အာဆင်နယ်ကို ခံကစားခဲ့ပြီး တိုက်စစ်တွင် ဒွိုက်ယော့၊ ချိုပရာနှင့် ကီယွန်ဂျုန်းတို့ဖြင့် တန်ပြန်တိုက်စစ်ဆင် ကစားခဲ့သည်။ အာဆင်နယ်တို့က ပွဲအစကတည်းပင် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ခုနစ်မိနစ်တွင် တိုက်စစ်မှူး ဗန်ပါစီက အလွတ်တည်ကန်ဘောမှတစ်ဆင့် အာဆင်နယ်အတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးနှင့် စပါးတို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး ဗိုရိုနင် စပါးဘက်သို့ ဂိုးသွင်းယူပြီး အောင်ပွဲခံစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဖွင့်ဂိုး စောစီးစွာရရှိခဲ့သဖြင့် အာဆင်နယ်တို့ ဂိုးထပ်မံရရှိရေး တိုက်စစ်မြှင့်တင်ခဲ့ရာ ၁၄ မိနစ်၌ အဒီဘာယော ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို အာဆင်နယ် နောက်ခံလူ ဆန်းဒရို့သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရခဲ့သည်။

ဆန်းဒါးလန်းတို့ ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၅ မိနစ်၌ ဆန်းဒါးလန်း ကွင်းလယ်ကစားသမား ဝေါလေ့က ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့သည်။ ဆန်းဒါးလန်းတို့ အားတက်လာပြီး ပြန်လည်ထိုးဖောက်ကစားခဲ့ရာမှ ၄၈မိနစ်၌ ကီယွန်ဂျုန်းက ချေပဂိုး ထပ်မံသွင်းယူလိုက်သဖြင့် နှစ်ဂိုးစီ သရေဖြစ်နေရာမှ မိနစ်၈၀၌ ဗန်ပါစီက အနိုင်ဂိုး သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘော်လ်တန်နှင့် ချယ်လ်ဆီး

အဝေးကွင်း၌ ချယ်လ်ဆီးတို့ကံကောင်းထောက်မ၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် ကာလူးတစ်ဦးတည်း တိုက်စစ် အထောင်ထားကာ ကွင်းလယ်၌ ဆစ်ဝဲလ်၊ မာလူဒါ၊ မက်ခ်ီလီလီ၊ လမ်းပတ်နှင့် ဂျိုကိုးလ်တို့ကိုထားရှိပြီး ကွင်းလယ်မှ တိုက်စစ်စတင်ကစားစေခဲ့သည်။

ဘော်လ်တန်တို့က ဒီအော့ဖ်၊ ဒေးဗစ်နှင့် အနယ်ကာတို့ တိုက်စစ်အတွဲဖြင့် ထိုးဖောက်ကစားခဲ့ရာ ချယ်လ်ဆီးဘက်သို့ ၁၄ကြိမ် ဂိုးသွင်းခွင့် အခွင့်အရေးရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခုနစ်ကြိမ် ရရှိခဲ့သော်လည်း ဘော်လ်တန် တိုက်စစ်မှူးများ၏ ကန်ချက်များ အပေါ်ထောင်၊ ဘေးထွက်ခဲ့မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးတို့က ဘော်လ်တန်ဘက်သို့ ၁၇ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့် ရှစ်ကြိမ်ရရှိခဲ့ရာမှပွဲချိန်၄၁မိနစ်၌တိုက်စစ်မှူးကာလူးက တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့သဖြင့် ချယ်လ်ဆီးတို့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးနှင့် စပါး

လီဗာပူးတို့အိမ်ကွင်း၌ ကံကောင်းထောက်မသဖြင့် ရှုံးပွဲမကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဗိုရိုနင်နှင့် တောရက်စ် တိုက်စစ်အတွဲက စပါးနောက်တန်းကို အကြိမ်ကြိမ် ဖြတ်ကျော်ထိုးဖောက်နိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အကျိုးရှိစွာ အသုံးမချနိုင်ဖြစ်ခဲ့ရသည်။

လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနေခဲ့ရာမှ ပွဲချိန်၁၂ မိနစ်၌ တိုက်စစ်မှူး ဗိုရိုနင်က အဖွင့်ဂိုး စောစီးစွာ သွင်းယူပေးနိုင်ခဲ့သော်လည်း ပထမပိုင်း ပွဲပြီးခါနီး ၄၅မိနစ်၌ စပါးတိုက်စစ်မှူး ရော်ဘီကိန်း၏ ချေပဂိုး သွင်းယူခြင်း ခံခဲ့ရသည်။

ထို့နောက် စပါးတို့က ဆက်တိုက် ဖိကစားခဲ့ရာမှ ပွဲချိန် ၄၇မိနစ်၌ ရော်ဘီကိန်းကပင် ဒုတိယဂိုးသွင်းယူခဲ့သဖြင့် လီဗာပူးတို့ ပျာယာခတ်သွားခဲ့ပြီး တိုက်စစ်အရှိန်ကို မြှင့်တင်ကာ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း အဆုံးသတ် မပိုင်ဘဲဖြစ်နေရာ ပွဲချိန်မိနစ် ၉၀ ရောက်မှသာ တိုက်စစ်မှူး တောရက်စ်က ချေပဂိုး သွင်းယူနိုင်ခဲ့၍ နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေသော အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ။
(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

ဘလက်ဘန်း	၂-၁	ဘာမင်ဂမ်
ရက်ဒင်း	၁-၀	ဒါဘီ
မန်စီးတီး	၃-၁	မစ်ဒယ်ဘရော့
နယူးကာဆယ်	၃-၂	အဲဗာတန်
ဖူလ်ဟမ်	၀-၂	ပို့စ်မောက်

(အင်တာနက်)

ဘော်လ်တန်နှင့်ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးမှ ဂျိုကိုးလ် (ဝဲ) ထိုးဖောက် ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီတလီစီးရီးအေ ပွဲစဉ်(၇)ရလဒ်များ

ဖီအိုရင်တီးနား	၁-၁	ဂျူဗင်းတပ်
ပါးမား	၀-၃	ရိုးမား
ပါလာမို	၁-၀	ရက်ဂျီးနား
ကာတာနီရာ	၁-၀	လီဗော်နို
ဂျီနိုအာ	၂-၀	ကာဂလီရာရီ
ဆီနာ	၃-၀	အမ်ပိုလီ
တိုရီနို	၁-၀	ဆမ်ဒိုးရီးယား

(အင်တာနက်)

စပိန်လာလီဂါပွဲစဉ် (၇) ရလဒ်များ

ရီးရဲမက်ဒရစ်	၂-၀	ရီခရီယေးတီဗို
ဘာစီလိုနာ	၃-၀	အက်သလက်တီကို
ဆီဗီလာ	၀-၁	ဒီပို့တီဗို
မာယော့ကာ	၄-၂	ဂီတာဖေး
အိုဆာဆူနာ	၃-၂	ဗီလာရီးရဲ
ရီးရဲဇာရာဂိုဇာ	၃-၀	လီဗန်တေး
ဘီလ်ဘာအို	၁-၁	အဲလ်မာရီးယား

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်၊ ပရီမီယာလိဂ် ပြေးလမ်းပေါ်က ဖာဂူဆန်နှင့် မန်ယူ

ကိုးကားတင်ပြသူ

မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၇

အောက်တိုဘာ ၆ရက်က ပရီမီယာလိဂ်ပွဲစဉ်(၉)မှာ မန်ယူက ဝီဂန်ကို လေးဂိုးပြတ်သွင်းပြီး အောင်ပွဲရယူနိုင်ခဲ့တဲ့ ပွဲအပြီးမှာ မန်ယူနည်းပြ ဖာဂူဆန်က မိမိတို့အသင်းဟာ လာမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွေနဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာလည်း အောင်ပွဲတွေ ဆက်တိုက်ရယူဖို့ အသင့်ဖြစ်နေပါပြီလို့ ပြောကြားလိုက်ပါတယ်။

သချာ

မန်ယူဟာ ပြီးခဲ့တဲ့ချန်ပီယံလိဂ် ပွဲစဉ်ဖြစ်တဲ့ ရိုးမားနဲ့ပွဲမှာ ရွန်နေရဲ့ ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပြီး ရမှတ်ခြောက်မှတ်နဲ့ အုပ်စု(စ)မှာ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ လက်ရှိအခြေအနေအရ ချန်ပီယံလိဂ် နောက်ထပ်ပွဲစဉ်ဖြစ်တဲ့ ဒိုင်နမိုကီယက်နဲ့ပွဲကို အနိုင်ကစားနိုင်ခဲ့ရင်တော့ ချန်ပီယံလိဂ်မှာ မန်ယူတို့နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ရှိသွားပြီ ဖြစ်ပါတယ်။

မန်ယူ အောင်မြင်မှုများရရှိရန် အဓိကနေရာမှ ပါဝင်နေသည့် ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

ခြေစွမ်းပြ

ဖာဂူဆန်ဟာ တိုက်စစ်မှူးတွေဖြစ်တဲ့ ရွန်နေနဲ့ စီရီနယ်ဒိုတို့ ဒဏ်ရာရ၊ ပွဲပယ်ပြစ်ဒဏ် ခံနေရချိန်မှာ တိုက်စစ်မှူး တီဗက်ဇ်ကို ဝေဖန်ပြစ်တင်မှုတွေကြားက ယုံယုံကြည်ကြည် ပွဲထုတ်ပြီး အဓိကတိုက်စစ်မှူး တာဝန်ပေးခဲ့တာကြောင့် စောစောပိုင်းပွဲတွေမှာ အံဝင်ခွင်ကျမှုမရှိခဲ့တဲ့ တီဗက်ဇ်ဟာ နောက်ပိုင်းမှာ ဂိုးတွေသွင်းယူလာနိုင်တဲ့အထိ ခြေစွမ်းပြလာနိုင်ခဲ့ပါတယ်။

တိုးတက်

ဖာဂူဆန်ဟာ လူအခင်းအကျင်းကို ပုံစံချတဲ့အခါ သူ့စိတ်တိုင်းကျ ခေါင်းမာမာနဲ့ အသင်းအောင်မြင်မှုရရှိရေးတစ်ခုတည်းကိုသာ အာရုံစိုက် လုပ်ဆောင်ခဲ့တာကြောင့် အမှားအယွင်းအချို့ရှိခဲ့ပေမယ့် နောက်ဆုံးမှာ အောင်မြင်မှုတွေရရှိပြီး လူငယ်ဘောလုံးသမားတွေဟာ အသင်းနဲ့ အသားကျလာပြီး ခြေစွမ်းလည်း တိုးတက်လာခဲ့ကြတာပဲဖြစ်ပါတယ်။

ရောက်ရှိ

မန်ယူဟာ လက်ရှိ ပရီမီယာလိဂ်မှာ ရာသီအစအချိန်က ရလဒ်မကောင်းခဲ့ပေမယ့် အခုဆိုရင် တန်းစီဇယားထိပ်ဆုံးကို စိုးမိုးနိုင်တဲ့အထိရောက်ရှိနေပြီ ဖြစ်ပါတယ်။ မန်ယူရဲ့ တိုက်စစ်မှူးတွေအားလုံး ပုံမှန်ခြေစွမ်း ပြန်ရလို့ ဒီနှစ်ဘောလုံးရာသီကို နိုင်ပွဲတွေနဲ့ ဖြတ်သန်းဖို့ အားအင်အပြည့်နဲ့ စတင်တော့မယ့် အနေအထားရောက်ရှိနေပါတယ်။

တည်မရ

မန်ယူအနေနဲ့ ဝီဂန်ကို လေးဂိုးပြတ် အနိုင်ယူခဲ့တဲ့ပွဲကတော့ ပရီမီယာလိဂ်မှာ ခြေစွမ်းအပြနိုင်ဆုံးပါပဲ။ ဒါပေမယ့် ဝီဂန်ရဲ့ အဲဒီနေ့ ခြေစွမ်းအရဆိုရင် မန်ယူဟာ ဒီထက် ဂိုးပြတ်သင့်ပါတယ်။ ဝီဂန်ဟာ ခြေစွမ်းညံ့တဲ့ အသင်းမဟုတ်ပေမယ့် အဲဒီနေ့က ကစားကွက် တည်မရအောင် ဖြစ်ခဲ့ရတာပါပဲ။

သတိပြု

ဒါပေမယ့် မန်ယူရဲ့ ချန်ပီယံလိဂ်နဲ့ ပရီမီယာလိဂ် ဖလားရယူ ကာကွယ်ရေးလမ်းကြောင်းဟာ တကယ်တမ်းမှာတော့ ဖြောင့်ဖြူးမှုရှိနိုင်မှာတော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်တဲ့ ရိုးမားနဲ့ပွဲမှာ မန်ယူဟာ ကံကောင်းလို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်တယ်ဆိုတာကတော့ သတိပြုရမှာ ဖြစ်ပါတယ်။

အနိုင်ရ

အဲဒီရိုးမားနဲ့ပွဲမှာ ရိုးမားတိုက်စစ်မှူးတွေဖြစ်တဲ့ တော့တီ၊ ပါရော့တာနဲ့ အက်စ်ပိုဆီတို့ရဲ့ ကန်သွင်းချက်တွေ လွဲချော်ခဲ့ရလို့ သက်သာခဲ့ရခြင်း ဖြစ်ပါတယ်။ အိုးထရက်ဖို့ဒ်မှာ ရိုးမားကို မန်ယူတို့ ခက်ခက်ခဲခဲ ကစားခဲ့ရတာကို တိုက်စစ်မှူး ရွန်နေကလည်း ဝန်ခံတဲ့အနေနဲ့ **"ရိုးမားအသင်းကစားတာ အရမ်းကောင်းပါတယ်။ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးတွေ မဝင်ခဲ့လို့ ကျွန်တော်တို့ ကံကောင်းခဲ့တာပါ။ အမှန်မှာက သရေပွဲလောက်ပဲ ရနိုင်ပေမယ့် ကံကြမ္မာက ကျွန်တော်တို့ကို မျက်နှာသာပေးခဲ့လို့ အနိုင်ရခဲ့ခြင်း ဖြစ်ပါတယ်"**လို့ ပြောကြားခဲ့ပါတယ်။

ဝန်ခံ

တကယ်တော့ ချန်ပီယံလိဂ်မှာရော ပရီမီယာလိဂ်မှာပါ မန်ယူရဲ့ ခြေစွမ်းက အကောင်းချည်းတော့ မဟုတ်သေးပါဘူး။ အရင်ကဒေါင်ဒေါင်မြည် ခြေစွမ်းတွေပြပြီး ပြိုင်ဘက်တိုင်းကို ထိတ်လန့်စေခဲ့တဲ့ မန်ယူလိုခြေစွမ်းမျိုး ပြန်မရသေးပါဘူးဆိုတာကိုတော့ ဖာဂူဆန်ကလည်း ဝန်ခံထားပါတယ်။

ကျေနပ်

"ကျွန်တော်တို့အသင်းဟာ ဒီနှစ်မှာ အကောင်းဆုံးခြေစွမ်းပြန်ရနေပါပြီ။ ဒါပေမယ့် စိတ်တိုင်းကျတဲ့ ခြေစွမ်းမျိုးတော့ မဟုတ်သေးဘူးဆိုတာကို ကျွန်တော် ဝန်ခံပါတယ်။ ချန်ပီယံလိဂ်ရော ပရီမီယာလိဂ်မှာပါ ဖလားတွေ ရယူချင်တယ်ဆိုရင် မန်ယူဟာ ဒီထက်ခြေစွမ်း ပိုပြနိုင်ပြီး၊ ပိုတည်ငြိမ်မှု ရှိရပါလိမ့်မယ်။ ဒါဟာ စိတ်ပျက်စရာ၊ စိုးရိမ်စရာ မဟုတ်ပေမယ့် သတိပြုရမယ့် အချက်ဆိုတာ ကျွန်တော်သိထားပါတယ်။ ပြီးခဲ့တဲ့ ပွဲတွေထက်စာရင်တော့ လက်ရှိအနေအထားဟာ ကျေနပ်စရာပါပဲ"လို့ မန်ယူနည်းပြ ဖာဂူဆန်က ဝန်ခံထားပါတယ်။

အကျိုးရှိ

ဒါပေမယ့် လက်ရှိမန်ယူရဲ့ အနေအထားဟာ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ် ပြေးလမ်းပေါ်မှာတော့ အချိန်အဟုန်ကောင်းကောင်းနဲ့ စတင်နေပြီ ဖြစ်ပါတယ်။ ဖာဂူဆန်အနေနဲ့ မန်ယူရဲ့ကစားအားကို အမှန်အတိုင်းသုံးသပ်ပြီး ဗျူဟာခင်းကျင်းနိုင်ရင်တော့ လူငယ်ခြေတက်တွေရဲ့အားကို အကျိုးရှိစွာ အပြည့်အဝ ရယူနိုင်ပါလိမ့်မယ်။

မူတည်နေ

မန်ယူဟာ တချို့ပွဲတွေမှာ ကစားကွက်အိုင်နေတာ၊ အထနှေးနေတာနဲ့ အသင်းငယ်တွေအပေါ် အထင်သေးပြီး ပေါ့ဆဆ ကစားတတ်တာတွေကို ပြင်ရပါလိမ့်မယ်။ မန်ယူမှာ စီရီနယ်ဒို၊ ရွန်နေ၊ တီဗက်ဇ်၊ နာနီ၊ ပေါလ်စခိုးနဲ့ ရိုင်ယန်ဂစ်တို့ဟာ အသင်းရဲ့အဓိက မောင်းနှင်အားတွေ ဖြစ်တာမို့ မန်ယူရဲ့အောင်မြင်မှုဟာ ဖာဂူဆန်အပေါ်မှာ အများကြီး မူတည်နေပြီ ဖြစ်ပါတယ်။

ပိုင်ဆိုင်ထား

ပါရမီရှိတဲ့အပြင် ခြေစွမ်းထက်တဲ့ လူငယ်ဘောလုံးသမားတွေကို ပိုင်ဆိုင်ထားတဲ့ မန်ယူဟာ ဒီနှစ်ဘောလုံးရာသီအပိတ်မှာ ဘယ်လိုရလဒ်တွေ ပိုင်ဆိုင်မလဲဆိုတာဟာ စိတ်ဝင်စားစရာတော့ ကောင်းနေပါကြောင်း တင်ပြလိုက်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

ယူရို ၂၀၀၈ ခြေစစ်ပွဲများအတွက် မိုက်ကယ်အိုဝင်အား ခေါ်ယူ

လန်ဒန် အောက်တိုဘာ ၇

ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် ရုရှားနှင့် အက်စ်တိုးနီးယားတို့ ကစားမည့်ပွဲများအတွက် ဒူးခေါင်းဒဏ်ရာရရှိထားသော မိုက်ကယ်အိုဝင်အား အင်္ဂလန် လက်ရွေးစင် အသင်း၌ ကစားရန် ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း နည်းပြ မက်ကလာရင်က ပြောကြားလိုက်သည်။

အသက် ၂၇နှစ်အရွယ်ရှိ နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ဒူးခေါင်းဒဏ်ရာ ထပ်မံရရှိပြီးနောက် ယခုအခါ ပြန်လည်ကောင်းမွန်လာကြောင်း၊ ထို့ကြောင့် အင်္ဂလန်အသင်း ကစားသမား စာရင်းတွင် မိုက်ကယ်အိုဝင်အား ထည့်သွင်းထားကြောင်း ၎င်းက ပြောကြားသည်။

ယူရို ၂၀၀၈ ခြေစစ်ပွဲ အဖြစ် အင်္ဂလန် အသင်းတွင် ပြန် လည် ကစား မည့် တိုက် စစ် မှူး မိုက်ကယ်အိုဝင်။ (ဓာတ်ပုံ-အင်တာနက်)

မက်ကလာရင်အနေဖြင့် မိုက်ကယ်အိုဝင်အပြင် ဝက်စ်ဟမ်း တိုက်စစ်မှူး ဒိန်းအက်ရှ်တန်ကိုလည်း ခေါ်ယူထားသည်။ အင်္ဂလန်အသင်းသည် လန်ဒန်မြို့ ဝင်ဘလေကွင်း၌ အောက်တိုဘာ၁၃ရက်တွင် အက်စ်တိုးနီးယားအသင်းနှင့် ယူရိုခြေစစ်ပွဲ ကစားရမည်ဖြစ်သည်။ ထို့နောက် လေးရက်အကြာ မော်စကိုမြို့၌ ရုရှားအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

(အင်တာနက်)

အေတီပီ အမျိုးသားတင်းနစ်ပြိုင်ပွဲ မူရေး ဖိုင်နယ်ပွဲတက်ရောက်

စုစည်းတင်ပြသူ

မောင်ချစ်ကြည်

မိန့်ဇ် အောက်တိုဘာ ၇

ပြင်သစ်နိုင်ငံ မိန့်ဇ်မြို့တွင် ကျင်းပလျက်ရှိသော အေတီပီအမျိုးသား တင်းနစ်ပြိုင်ပွဲ အကြိုဖိုင်နယ်ပွဲကို အောက်တိုဘာ ၆ ရက်က ဆက်လက်ကျင်းပရာ အင်ဒရီမူရေးက အာဂျင်တီးနား တင်းနစ်ကစားသမား ရိုင်လာမိုကာနက်စ်အား ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ကစား

အသက် ၂၀အရွယ်ရှိ မူရေးသည် ဖိုင်နယ်ပွဲ၌ စပိန်တင်းနစ်ကစား သမား တွမ်မီရိုဘရီဒိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရိုဘရီဒိုသည် အကြိုဖိုင်နယ်ပွဲ၌ ပြင်သစ်တင်းနစ် ကစားသမား နီကိုလပ်စ်မာဟွတ်ကို ၇-၅၊ ၄-၆၊ ၆-၄ဖြင့် အနိုင်ကစားပြီး ဖိုင်နယ်ပွဲ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

နီကိုလပ်စ်မာဟွတ်နှင့် မူရေးတို့သည် ပြီးခဲ့သည့်နှစ်က လော့စ်အိန်ဂျလိစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဆုံတွေ့ခဲ့ကြဖူးပြီး ထိုစဉ်က နီကိုလပ်စ်မာဟွတ်က ၆-၂၊ ၆-၂ဖြင့် အနိုင်ရခဲ့သည်။

(အင်တာနက်)

အေတီပီ အမျိုးသားတင်းနစ်ပြိုင်ပွဲ အကြိုဖိုင်နယ်ပွဲ၌ မူရေးက ဤသို့ကစားပြီး ပြိုင်ဘက် ကာနက်အား အနိုင်ယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ရှော်ကေးတို့ ရှုံးပွဲကြုံသည့် ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

ဘာလင် အောက်တိုဘာ ၇

ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို အောက်တိုဘာ ၆ရက်က ဆက်လက်ကစားရာ ရှော်ကေးနှင့် ကာရူဟီတို့ပွဲတွင် ကာရူဟီက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး တန်းစီဇယား ဒုတိယနေရာသို့တက်ရောက်လာသည်။

ကာရူဟီအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း ပွဲချိန်အတွင်း တိုက်စစ်မှူး ခရစ္စတင်းတမ်က တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ကာရူဟီသည် ယခုနှစ်ဘွန်ဒက်စ်လီဂါ၌ အဝေးကွင်း ငါးပွဲတွင် လေးပွဲမြောက် နိုင်ပွဲရရှိခြင်းပင် ဖြစ်သည်။

အခြားပွဲ ရလဒ်များ

ဒူးစ်ဘတ်	၁ - ၃	ဝါဒါဘရီမင်
ဘီလီဖီး	၀ - ၁	ဟမ်းဘတ်
ဟာသာဘာလင်	၀ - ၀	ကော့ဘတ်စ်
ရုဖ်ဘတ်	၁ - ၀	ရော့စတော့

(အင်တာနက်)

စတုဂတ် အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဂျက်စတင်းဟီနန် ကွာတားဖိုင်နယ် တက်ရောက်

စတုဂတ် အောက်တိုဘာ ၇

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပလျက်ရှိသည့် စတုဂတ်အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး တင်းနစ်မယ် ဂျက်စတင်းဟီနန်က ဒိုင်နာယာဆာဖီနာကို ၆-၄၊၆-၁ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ရှုံးနိမ့်

ဂျက်စတင်းဟီနန်သည် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲပြီး နောက်ပိုင်း ပထမဆုံး ကွာတားဖိုင်နယ်တက်ရောက်သည့် ပွဲပင်ဖြစ်သည်။ ဂျက်စတင်းဟီနန်သည် ပထမပိုင်းပွဲချိန်တွင် အမှားအယွင်း အနည်းငယ်ရှိခဲ့သော်လည်း နောက်ပိုင်း၌ ဟီနန်၏ ပြင်းထန်သော စပေးဘောများနှင့် ရိုက်ချက်များကို ရုရှားတင်းနစ်မယ် ဆာဖီနာ နိုင်နင်းစွာ မဆယ်နိုင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)



ကျန်းမာခြင်းလက်ဆောင်

အော်ရာမင်-ဂျီ အားဆေးကို ဝယ်ယူအားပေးကြသော မိတ်ပြည်သူများသို့ ကျေးဇူးတုံ့ပြန်သောအားဖြင့်
" ငွေကျပ် (၁၀,၀၀၀) " ဖိုးအထိ အခမဲ့ ကျန်းမာရေးစစ်ဆေးခွင့် (သို့) ဆေး (၂)ဘူးဖြင့် လဲလှယ်ခွင့်
" ကူပွန် " စောင်ရေ (၃,၀၀၀) ကို ဆေးဘူးအချို့ထဲတွင် ထည့်ပေးထားပါသည်။
အမြင့်မားဆုံးဂါရဝတရားကို အကောင်းဆုံးပြသနိုင်ဖို့ အမြတ်ဆုံးလှူဖွယ်ပစ္စည်း **အော်ရာမင်-ဂျီ**

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

Since 1986 KMD (တာမွေ) Computer Centre

:: i-Office :: Graphics Design :: Desktop Publishing :: AutoCAD :: Practical A+
:: LCCI Computerised Accounting :: Basic Software Engineering

သင်တန်းအပ် လက်ခံနေပါပြီ

KMD (တာမွေ -၁) ၂၇၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း၅၄၁၃၂၈ KMD (တာမွေ -၂) ၅/၁၁၊ ချိုင်းရေအိုးစင်လမ်း၊ ချိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း၅၄၆၆၀၀

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

မဏိစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
စနစ်တကျအတတ်သင်ပေးပါသည်။
မည်သည့်ဒီဇိုင်းမဆို ဆွဲတတ်၊ ချုပ်တတ်၊ ထွင်တတ်ရမည်။
၁။ အိမ်အရောက် သီးသန့်သင်တန်း၊
၂။ စက်ကြီးပန်းထိုးသင်တန်း၊
၃။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်သည်။
အမှတ် ၆၅၊ အနော်ရထာလမ်း
(လမ်း၄၀နှင့် ဗိုလ်အောင်ကျော်လမ်းကြား)၊
ဖုန်း-၃၈၈၂၃၃၊ ၀၉-၅၀၀-၇၆၅၀၊ ၃၇၅၀၀၄၊
ဆိုင်ခွဲအမှတ် ၁၀၄/၁၁၂၊
အနော်ရထာလမ်း(၃၇လမ်းနှင့်၃၈လမ်းကြား)။

ဦးအောင်ဟိန်းကျော် ၏
ဆရာလွတ်
• အင်္ဂလိပ်စကားပြော(Vol: 1,2,3) • အင်္ဂလိပ်စာရေးနည်း(Vol: 1,2,3) ထွက်ပြီ
သီးသန့်တန်းဖွင့်ပြီ
အင်္ဂလိပ်စကားပြော နှင့် စာရေးနည်းသင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အလွတ်မကျက်ဘဲပြောတတ်/ရေးတတ်ရမည်
▪ ၁၈၂ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။ ☎ 392468 , 09 5171841

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

ထွန်းဖောင်ဒေးရှင်းပန်းချီပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

ထွန်းဖောင်ဒေးရှင်းက စီစဉ်ကျင်းပ၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ ပါဝင်ကူညီသည့် Best Painting of the Year 2007 ပန်းချီအနုပညာပြိုင်ပွဲ၏ မြန်မာ့ပန်းချီအနုပညာလက်ရာများကို ပြည်သူအများခံစားသိရှိနိုင်ပြီး နိုင်ငံတကာနယ်ပယ်တွင်လည်း ပေါ်လွင်ထင်ရှားလာစေရန်၊ ပန်းချီလက်ရာမွန်များ ပေါ်ထွက်လာစေရန်၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်ပန်းချီပညာရှင်များကိုဖော်ထုတ်ရန်၊ မြန်မာ့ရေမြေတောတောင်အလှနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို ပန်းချီပညာဖြင့် မှတ်တမ်းတင်ရန်၊ ခေတ်ပြိုင်ပန်းချီပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲအတွက် ပန်းချီကားများကို ဒီဇင်ဘာ ၁၅ရက်အထိ နောက်ဆုံးထား၍ လက်ခံသွားမည်ဖြစ်ရာ အမှတ် ၅၃/၆၁ သိမ်ဖြူလမ်းနှင့်ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ်သို့ ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၉ မှ

ဆက်လက်၍ မင်းဘူးခရိုင်မှ မြို့မိမြို့ဖ ဦးကျော်ဝင်းမြင့်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်ပေးခဲ့သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အနှစ်သာရများ ပါဝင်ပေးစွမ်းနေကြောင်း တင်ပြလိုကြောင်း၊ နိုင်ငံတော်အခြေခံမူများအခန်း၊ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံမူများတွင် ဒို့တာဝန်အရေး(၃)ပါးကို ပထမဆုံးဖော်ပြထားကြောင်း၊ ထို့အပြင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး ဆိုသည့် အချက်ပါဝင်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးသည် ပြည်သူအများ၏ဆန္ဒအရ နိုင်ငံတော်က လိုလိုလားလားစေတနာထားဆောင်ရွက် ပေးသည့်အချက် တစ်ခုဖြစ်ကြောင်း။

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ချမှတ်ခဲ့သည့် အခြေခံရမည့်မူများမှာ "နိုင်ငံရေးပါတီများသည် ဒို့တာဝန် အရေး(၃)ပါးကို ဦးတည်ချက်ထားရှိသည်"၊ "နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရန်တာဝန်ရှိသည်"ဟု ပါဝင်ပြီး အဓိကလိုအပ်ချက်မှာ အခြေခံဥပဒေကို ရိုသေလေးစားလိုက်နာခြင်း၊ မိမိအမျိုးသားရေးကိုသာ အခြေစိုက်သစ္စာခံခြင်း၊ နိုင်ငံခြားသြဇာလွှမ်းမိုးခြင်းတို့ကို လုံးဝရှောင်ကြဉ်ခြင်းတို့ဖြစ်ကြောင်း။

ဤအချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ပြဋ္ဌာန်းမည့် အနှစ်သာရတစ်ခုဖြစ်ကြောင်း။

အစဉ်တစိုက်ဦးတည်

နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ နောက်ဆုံးအချက်တွင် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်ဆိုသည့် အချက်သည် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ပြီး မျက်မှောက်အခြေအနေပေါ် အခြေခံကာ အနာဂတ်ကာလအတွက် ဒို့တာဝန်အရေး(၃)ပါးနှင့်ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင်တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအနက် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိသည်ဆိုသောအချက်မှာ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်နှင့်တိုင်းရင်းသားပြည်သူတို့ လက်တွဲထမ်းဆောင်ကြရန် ပြဋ္ဌာန်းမည့် အရေးကြီးသော အနှစ်သာရတစ်ခုပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများထဲတွင် "နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ" အစရှိသဖြင့် ဖော်ပြထားချက်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း ဖော်ပြထားချက်များဖြစ်ကြောင်း၊ ဤအချက်များသည် အနာဂတ်နိုင်ငံတော်ကြီး ပြည်ပသြဇာလွှမ်းမိုးမှုများ တစ်နည်းနည်းဖြင့် မခံယူရအောင် တွေးခေါ်မြော်မြင်ချမှတ်ခဲ့သည့် ကောင်းမွန်သည့် အစီအမံတစ်ခုဖြစ်ကြောင်း။

ကောလာဟလထုတ်လွှင့်

မျက်မှောက်အချိန်အခါတွင် ပြည်တွင်းပြည်ပအဖျက်သမားများက နည်းမျိုးစုံဖြင့် ဆူပူအုံကြွမှု၊ မတည်ငြိမ်မှုဖြစ်အောင် လုပ်ဆောင်ပြီး ပြည်ပသြဇာခံရုပ်သေးအစိုးရအာဏာရရေးအတွက် ကြိုးပမ်းဆောင်ရွက်လာခဲ့ကြကြောင်း၊ ပြည်ပအသံလွှင့်ဌာနများက နိုင်ငံတော်အစိုးရအပေါ် ပြည်သူများ ယုံကြည်အားကိုးမှုလျော့ကျပြီး သစ္စာဖောက်ပုဆိန်ရိုးများကို အထင်ကြီးလာရေး၊ ကောလာဟလလုပ်ကြံသတင်း၊ မမှန်သတင်းများထုတ်လွှင့်ပြီး တိုင်းပြည်အတွင်း စိုးရိမ်စိတ်များကြီးထွားလာကာ မတည်ငြိမ်မှုများ ပေါ်ပေါက်လာရေး၊ နိုင်ငံတကာအမြင်တွင် မြန်မာနိုင်ငံသည် အလွန်စိုးရိမ်ဖွယ် အခြေအနေဖြစ်ပေါ်နေသည်ဟု အကြောင်းပြကာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်အောင် ထောက်ခံလာရေးတို့အတွက် အကွက်ဆင်ဖန်တီးပြီး နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှု အခြေအနေများကို ဟန့်တားနှောင့်ယှက်ခဲ့ကြောင်း၊ စက်သုံးဆီဈေးမြင့်မှုကို အကြောင်းပြပြီး ကုန်ဈေးနှုန်းမြင့်တက်လာပါသည်ဆိုသည့် စွပ်စွဲချက်ပေါ်တွင်အခြေခံပြီး သံဃာထုအတွင်း စိမ့်ဝင်စည်းရုံးလှုံ့ဆော်ကာ လမ်းပေါ်တက်ဆန္ဒပြအောင် လုပ်ဆောင်ခဲ့ကြကြောင်း။

ဤအဖျက်လုပ်ရပ်များကို တည်ငြိမ်အေးချမ်းမှုကို လိုလားပြီး၊ ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် မိမိတို့ မကွေးတိုင်းအတွင်းရှိ ပြည်သူအားလုံးက ဆန့်ကျင်ရှုတ်ချကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ် (၇)ရပ် အဆင့်ဆင့်အောင်မြင်ရေးကိုလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အနှစ်သာရရှိရှိ ချမှတ်ခဲ့သည့် အခြေခံမူများအနက် အသေးစိတ်အခြေခံရမည့်မူများကို ဆုံးဖြတ်ချမှတ်ပေးသည့် အမျိုးသားညီလာခံကြီးနှင့်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထောက်ခံကြိုဆိုလျက်ရှိကြကြောင်း။

ရေရှည်အကျိုးရှိ

မိမိအထက်ကတင်ပြခဲ့သည့် အချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ၏ အနှစ်သာရအချို့ပင်ဖြစ်ပါကြောင်း၊ မူအားလုံးကို အသေးစိတ်လေ့လာကြည့်လျှင် အဘက်ဘက်က အချိန်ယူပြီး စနစ်တကျရေးဆွဲခဲ့သည့် အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး ရေရှည်အကျိုးရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အောင်အောင်မြင်မြင် အတည်ပြု ပြဋ္ဌာန်းနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းတင်ပြရင်း အဆိုရှင်တင်သွင်းသွားသည့် အမျိုးသားညီလာခံကြီးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရှုတ်ချကြောင်းတို့ကို ဤအခမ်းအနားက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြကာ နံနက်၈နာရီ မိနစ်၅၀တွင် အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

သန့်-တည်-ပွား အဖွဲ့ ရုံးပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၇

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား)အဖွဲ့ရုံးကို အောက်တိုဘာ၂ရက်မှစ၍ သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)သံသုမာလမ်း စုပေါင်းမှတ်တိုင်(အစိမ်းရောင်တိုက်ခန်းတွဲ) မြေညီထပ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားသည်။

စတင်မည်

ဖွင့်လှစ်ဆဲ ဆဋ္ဌမအကြိမ်မြောက် မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းကို အထက်ပါနေရာ၌ အောက်တိုဘာ ၁၄ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင်ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး (၂၇)ကြိမ်မြောက် ကိုးရက်အဓိဋ္ဌာန် တရားစခန်းကို အောက်တိုဘာ၁၃ရက်မှစ၍ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင် (၅)ရပ်ကွက် မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

တရားစခန်းဝင်လိုသူများ ရုံးအဖွဲ့တယ်လီဖုန်းအမှတ် ၀၁-၇၂၇၂၂၃သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် ဒေါက်တာမြင့်စိုးသည် အောက်တိုဘာ ၃ရက် ညနေ ၃နာရီ ၁၀မိနစ်တွင် ကစားဖော်ဖြစ်သော ဦးဝင်းမြင့်သိန်း၊ ဦးတင်သိန်း၊ ဦးသောင်းကျော်၊ ဦးအေးမောင်၊ ဦးစောအောင်သက်ထွေးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၁)၊ ၁၆၂ကိုက်အကွာမှ Tour Special No.1 ဘောလုံးအား PING GZ-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆေးဖျန်း

ရန်ကုန် အောက်တိုဘာ ၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆေးဖျန်းခြင်းကို သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စက်တင်ဘာ ၂ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(က-ပ)

တောင်ငူနှင့်မအူပင်မြို့ စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် အောက်တိုဘာ ၇

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့၌ ၅၈၉စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၁၂စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာသို့ ရောက်နိုင်ဖွယ်ရာရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် အသေးစားမှ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများ

မောင်လင်းရောင်

လျှပ်စစ်စွမ်းအားသည် နိုင်ငံတော်နှင့်ပြည်သူပြည်သားအားလုံး အတွက် မရှိမဖြစ်လိုအပ်သော စွမ်းအင်ဖြစ်သည်။ နိုင်ငံတော် အတွက် အကျိုးဖြစ်ထွန်းစေမည့် လျှပ်စစ်စွမ်းအားများကို ရယူရာ၌ အသေးစား ရေအားလျှပ်စစ်စက်များ တပ်ဆင်တည်ဆောက်ခြင်းမှ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်နိုင်ရန်အထိ နိုင်ငံတော်က ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိသည်။

ယင်းသို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၇ခုနှစ် အတွင်း၌ ရေအားလျှပ်စစ်စီမံကိန်း အကြီးစားများကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်သည်သာမက အသေးစားရေအား လျှပ်စစ်လုပ်ငန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်နေ့က ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်တွင် ၂၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သော ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အား ပေးစက်ရုံကိုလည်းကောင်း၊ မတ်လ ၂၅ရက်နေ့က ရန်ကုန်တိုင်း ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာ၌ သဘာဝဓာတ်ငွေ့မှ ၅၀ ထုတ်လုပ်ပေးနိုင်သော အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများကို လည်းကောင်း၊ မေလ ၂၀ ရက်နေ့တွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် ဘိုင်းဒါး ဓာတ်အားပေးစက်ရုံကို လည်းကောင်း အသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး ဓာတ်အားယူနစ် ၁၅၁၈သန်းခန့်သာ သုံးခဲ့။ ယခုအခါ တိုးတက်လာသော လူနေမှုအဆင့် အတန်းနှင့်အညီ ယူနစ်သန်းပေါင်း ၅၀၀၀ ကျော် အသုံးပြုနိုင်လျက်ရှိ။ ဤသို့ သုံးစွဲနိုင်ရန်အတွက် ၁၉၈၈ ခုနှစ်က ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၁၄ရုံသာရှိရာမှ ၂၀၀၇ ခုနှစ်တွင် ရုံ ၅၀ ရှိလာသဖြင့် ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံ မျိုးစုံ ၃၆ ရုံအထိ တည်ဆောက်ပေးနိုင်။ တည်ဆောက်ဆဲ စီမံကိန်း ၁၇ ခုရှိရာ အားလုံး ပြီးစီးလျှင် စက်တပ်ဆင် အင်အားမဂ္ဂါဝပ် ၁၀၀၀၀ ကျော် ဖြစ်လာမည်။

ပဲခူးတိုင်းရှိ ဇောင်းတူရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ။

လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၀ထုတ်ယူနိုင်သည့် ကျေးရွာလျှပ်စစ် ဓာတ်အားပေးစက်ရုံများကိုလည်းကောင်း၊ မတ်လ ၃၀ ရက်နေ့က ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်ပေး နိုင်သော ပြိုင်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေး စက်ကိုလည်းကောင်း၊ မေလ၁ရက်နေ့က မွန်ပြည်နယ် ပေါင်မြို့နယ် တွင် ကီလိုဝပ် ၅၀၀ထုတ်လုပ်ပေးနိုင်သည့် ကတိုက် ဓာတ်အားပေး စက်ရုံကိုလည်း ကောင်း၊ မေလ ၂ရက်နေ့က ချင်းပြည်နယ် မတူပီ မြို့နယ်တွင် ကီလိုဝပ် ၂၅၀ထုတ်လုပ်ပေးနိုင်သည့် ဘုံတလာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ မေလ၅ရက်နေ့တွင် ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ၆၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ချီဖွေချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ မေလ ၁၈ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျိုင်းတုံမြို့နယ် ကုန်းပေါင်း ကျေးရွာတွင် ကီလိုဝပ်၂၀ နှင့် နမ္မ(ဝမ်လုံ)ကျေးရွာတွင် ကီလိုဝပ်

ယင်းအောင်မြင်ဖြစ်ထွန်းမှုများသည် ၂၀၀၇ခုနှစ်အတွင်း နိုင်ငံတော်နှင့် ကျေးလက်နေပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှု များပင် ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝများ တိုးတက် မြင့်မားလျက်ရှိသည်။

၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး ဓာတ်အားယူနစ် ၁၅၁၈သန်း ခန့်သာ သုံးခဲ့ရသည်။ ယခုအခါ တိုးတက်လာသော လူနေမှု အဆင့် အတန်းနှင့်အညီ ယူနစ်သန်းပေါင်း ၅၀၀၀ကျော် အသုံးပြု နိုင်လျက်ရှိသည်။ ဤသို့ သုံးစွဲနိုင်ရန်အတွက် ၁၉၈၈ ခုနှစ်က ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၁၄ရုံသာရှိရာမှ ၂၀၀၇ခုနှစ် တွင် ရုံ ၅၀ ရှိလာသဖြင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ မျိုးစုံ ၃၆ရုံအထိ တည်ဆောက်ပေးနိုင်ခဲ့သည်။ တည်ဆောက်ဆဲ စီမံကိန်း ၁၇ ခုရှိရာ အားလုံးပြီးစီးလျှင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၀၀၀ ကျော် ဖြစ်လာမည်ဖြစ်သည်။ ။

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဘီလူးချောင်း ရေအား လျှပ်စစ်စက်ရုံ။



လျှပ်စစ်စွမ်းအားသည် နိုင်ငံတော်နှင့် ပြည်သူပြည်သား အားလုံးအတွက် မရှိမဖြစ်လိုအပ်သော စွမ်းအင်ဖြစ်။

နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် လျှပ်စစ်စွမ်းအားများကို ရယူရာ၌ အသေးစား ရေအားလျှပ်စစ်စက်များ တပ်ဆင်တည်ဆောက်ခြင်းမှ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်နိုင်ရန်အထိ နိုင်ငံတော်က ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက် အောင်သိဒ္ဓိလမ်း အမှတ်၁၆/က နေ ဦးဝင်းမြင့်-ဒေါ်သန်းရီ၊ သမီး မဆွေမာမြင့်၊ သား မောင်ဇော် မင်း၊ မောင်သန့်ဇင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပုပ္ပားတောင်ကလပ် အထက်စောင်းတန်း ပြုပြင်ရန်ငွေလှူဒါန်း

ကျောက်ပန်းတောင်း အောက်တိုဘာ ၂

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် အထက်စောင်းတန်းများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ဂေါပကအဖွဲ့ရုံး အပေါ်ထပ်တွင်ကျင်းပရာ ဩဝါဒါစရိယဆရာတော်များဖြစ်ကြသော ဦးဒေဝိန္ဒအမှူးပြုသည့် သံဃာတော် ၁၀ပါး ကြွရောက်တော်မူကြပြီး ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

<u>**လှူဒါန်း**</u>

ဆက်လက်၍ အလှူရှင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (မြို့သစ်-၁)နေ ဦးမင်းအေး-ဒေါ်ကြည်ကြည်မြင့် (တိုးတက်ဝေဆောက်လုပ်ရေး) မိသားစုက ဆရာတော်ကြီးများအား သင်္ကန်း အစရှိသည့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြပြီး အလှူငွေကျပ် ၈၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံလှနှင့် အတွင်းရေးမှူး ဦးကျော်အောင်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

ပေါက်ခေါင်း အိုးဘိုကုန်းအလက အာစရိယပူဇော်မည်

ပေါက်ခေါင်း အောက်တိုဘာ ၄

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အိုးဘိုကုန်းအလက၏ စတုတ္ထအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီက အိုးဘိုကုန်း ကျောင်းသစ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရပ်ဝေးရပ်နီးရှိ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများနှင့် အဆက်အသွယ်ပြတ်တောက်နေသော အသက်(၆၀)ပြည့်ပြီး အိုးဘိုကုန်း အလကတွင် လုပ်သက်နှစ်နှစ် ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများသည် ရန်ကုန်တွင် အရာခံဗိုလ်သိန်းထွန်း ဖုန်း-၀၁-၂၇၆၁၆၆၊ ဒေါ်သန်းသန်းအေး၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၀၁-၅၂၆၈၉၇၊ ၅၃၆၅၂၇နှင့် ပေါက်ခေါင်းမြို့တွင် ဦးသောင်းတင် (ရွှေပလောင်ရောင်းဝယ်ရေး) ဖုန်း-၀၅၃-၂၄၇၆၈ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြို့နယ် သတင်းများ

တောင်ငူမြို့နယ် သတင်းထောက် ဦးကျော်လှ၏ ဇနီး ဒေါ်ဒေဝကီး ဒေဝီ(ခ)ဒေါ်မေနှင်းဆီ၏ (၆၉)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ကုသိုလ်အဖြစ် စက်တင်ဘာ၂၆ရက်က တောင်ငူမြို့ ဓမ္မာရုံ သီလရှင်စာသင်တိုက်ရှိ သင်တန်းသား သီလရှင်များအား တစ်နေ့တာအရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းရာ မြို့နယ်သီလရှင် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဓမ္မာရုံသီလရှင် စာသင်တိုက် ပဓာနနာယကဆရာကြီး ဒေါ်သုစန္ဒာ(ဂန္ထဝါစကပဏ္ဍိတ)က အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၀၃)

ယမကပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

ကြေးပိဋကတ်တော် အဘိဓမ္မာ ပိဋကဝင် ယမကပါဠိတော်ကျမ်း ဒုတိယအုပ် အတွက် ကြေးပိဋကတ်တော် ပြုလုပ်ရေး ဦးဆောင်ဆရာတော် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း (ရေခဲဆိုင်မှတ်တိုင်ရှေ့)ရှိ မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ FMI City နေ ဒေါက်တာ ဦးဇော်စိန်လွင်(ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံ)-ဒေါ်ခင်မမ၊ ကမာရွတ်မြို့နယ် ၈ရပ်ကွက် လှည်းတန်းလမ်းမနေ ဦးတင်ကိုဦး-ဒေါ်နိုင်နိုင်မော်၊ သား မောင်ကျော်ရဲနိုင်၊ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာသန်းထွန်းအောင်၊ ဒေါက်တာမြင့်မြင့်သိန်း၊ ဖခင်ကြီး ဦးဘိုးအောင်အားရည်စူး၍ မိခင်ကြီး ဒေါ်အောင်ကြွဖြူ (ကျောက်တော်မြို့)ကို အမှူးထားလျက် သမီး ဒေါ်လှလှကြည် (ခေတ္တ-စင်ကာပူ)တို့က ကြေးပြားငါးချပ်စီ၊ ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးမှ ဦးမြမောင်-ဒေါ်စိန်စိန်၊ ကဝက်ကင်းရွာ စံပြငါးဈေးမှ ဦးလှရီ-ဒေါ်သန်းလှ၊ ဗဟိုစံပြငါးဈေး ငါး၊ ပုစွန် ရောင်းဝယ်ရေးဒိုင်မှ ကွယ်လွန်သူ မိခင်ဒေါ်ခင်လေးမြင့်နှင့် သားမောင်သက်နိုင်ဦးတို့အတွက် ကျန်ရစ်သူမိသားစု၊ ၁၀မိုင်ကုန်း မြဝတီမင်းကြီးလမ်းသွယ် (၁) နေ ဦးအောင်ကျော်သိန်း-ဒေါ်လှလှခင်၊ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းနေ ဦးသူရ (အသက် ၄၅နှစ်ပြည့် မွေးနေ့အလှူ) အတွက် အစ်မကြီး ဒေါ်အေးသန့်၊ ဦးသူရ-ဒေါ်စန်းစန်းမြင့်၊ သမီးလေး မစိမ့်စိမ့်သူရ၊ မပိုင်ပိုင်သူရ၊ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းနေ ဦးသန်းလွင်-ဒေါ်ကင်းတို့က ကြေးပြားသုံးချပ်စီ၊ မန္တလေးမြို့ ပဲပုပ်တန်းနေ ဦးဘကွမ်း-ဒေါ်သန်းညွန့်၊ ရန်ကုန်မြို့ ၂၅လမ်း အမှတ် (၁၃၀) လေးလွှာနေ ဦးမြင့်ကို-ဒေါ်ထွေးထွေး၊ လားရှိုးမြို့နေ ဦးစဝ်ခွန်ဆမ်-ဒေါ်နန်းခမ်းပြည့်၊ ဗဟန်းမြို့နယ်မြလမ်းနေ ဗိုလ်မှူးသိန်းဇော်-ဒေါ်ကြည်ကြည်သစ်၊ သိမ်ဖြူမီးရထားဝင်းနေ ဦးသန်းလွင်-ဒေါ်တင်တင်ရီနှင့် မြေးများက ကြေးပြားနှစ်ချပ်စီ စုစုပေါင်း ကြေးပြား ၄၅ ချပ်အတွက် အလှူငွေကျပ် ၉၀၀၀၀၀၊ စစ်တွေမြို့ ရှုပတောင် လမ်းမကြီးနေ ဒေါ်ကျော့မေ၊ ဒေါ်အေးမေ၊ ဦးကျော်စိန်၊ ဦးမောင်ထွန်းစိန်-ဒေါ်ရွှေရွှေ၊ မြေး မဆုဝေမိုး၊ မဆုနွယ်မိုး၊ မောင်ကျော်ဇောလင်း (ချယ်ရီစတိုး) မိသားစုတို့က ကြေးသေတ္တာ တစ်လုံးအတွက် တန်ဖိုးငွေကျပ် ၁၂၀၀၀၀ကို လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

အာဟာရ ကျွေးမွေး

ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း သူငယ်တန်းမှ မောင်ဈာန်ရဲနိုင် မွေးနေ့အလှူအဖြစ် စက်တင်ဘာ ၃ရက်က တစ်ကျောင်းလုံးအတွက် နို့ခေါက်ဆွဲ အာဟာရ ကျွေးမွေး လှူဒါန်းစဉ်။ (က-ပ)

မတ္တရာမြို့ စကားပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်

မတ္တရာ စက်တင်ဘာ ၃၀

အမှတ်(၂) အခြေခံပညာဦးစီးဌာန ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စကားပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ရက် နံနက် ၁၀နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဆွေနှင့် မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးစန်းမင်းတို့က စကားပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယပိုင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်ဌေး၊ ဦးကျော်မင်းနှင့် မြို့နယ် ပညာရေးမှူး ဒေါ်ခင်ဆွေတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်က ခရိုင်အသင်း အလုပ်အမှုဆောင်ထံသို့ လည်းကောင်း**(အပေါ်ယာပုံ)**၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအုန်းက မြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း ပေးအပ်ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများက တိုင်းရင်းသားရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

စက္ကူဗျူဟာ ပင်မသိုင်းအဖွဲ့ ဆရာအဆင့် နည်းပြသင်တန်းဖွင့်

လက်ပံတန်း စက်တင်ဘာ ၁၀

ပဲခူးတိုင်းအနောက်ပိုင်း သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် စက္ကူဗျူဟာ ပင်မသိုင်းအဖွဲ့ (ကာယ၊ စိတ္တ၊သိဒ္ဓိစွမ်းအားကျင့်စဉ်) ဆရာအဆင့် နည်းပြသင်တန်းအမှတ်စဉ် (၁၂/၂၀၀၇)ဖွင့်ပွဲနှင့် သိုင်းစွမ်းရည် ဖော်ထုတ်ပြသပွဲ အခမ်းအနားကို ဗဟိုစိုက်ပျိုးရေးသုတေသနခန်းမ၌ စက်တင်ဘာ ၁ရက် မွန်းလွဲ၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ရဲမှူးဉာဏ်မြင့်နှင့် လက်ပံတန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်လတ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ရဲမှူးဉာဏ်မြင့်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ခင်မောင်လတ်၊ စက္ကူဗျူဟာ ပင်မဦးစီး ဆရာကြီး ဦးခင်မောင်ရင်တို့က အမှာစကားပြောကြားပြီး သိုင်းစွမ်းရည် ဖော်ထုတ် ပြသကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလပြည့်ကျော် ၁၃ ရက်
၉-၁၀-၂၀၀၇ (အင်္ဂါနေ့)

<u>**နံနက်ပိုင်း**</u>

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

<u>**နေ့လယ်ပိုင်း**</u>

၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (ခေတ်မီဖွံ့ဖြိုး တိုးတက်စည်ပင် သစ်တောကဏ္ဍ မြန်ပြည်တစ်ခွင်)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (ဆရာဇေယျ၏ ပြည်ထောင်စုစိတ်ဓာတ် ထင်ဟပ်သောစာပေ (ညွှန့်ဟံ-ကြူတော)
၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ဘဝရည်မှန်းချက်နှင့် ပျော်ရွှင်မှု-ပြည်စိုး)
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ပေးတဲ့အမွေ ယူလေကွယ့်အမေ့သား)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လူများကို အကျိုးပြုနေသော ဖန်ခါးသီး-ခင်ဇေ-စက်မှု)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သတ္တမတန်း-ပထဝီဝင်) (မြန်မာနိုင်ငံစိုက်ပျိုးရေးလုပ်ငန်း အမျိုးအစားများ)

<u>**ညနေပိုင်း**</u>

၁၆:၁၀ ဆိုကြမြိုင်မြိုင်တေးသံပြိုင်
(၁) ကျန်းမာရေးအတွက်တေးလက်ဆောင် (စမ်းရေစီးသံအဖွဲ့)
(၂) လူ့ရွာအလှ ဤမြေကမ္ဘာ (မေတ္တာမွန်အဖွဲ့)
(၃) ကျေးဇူးတရား (တင်အောင်စိုးနှင့်အဖွဲ့)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် ဝသောသူများ ကိုယ့်ကိုယ်ကို ကြင်နာပါ (ဒေါက်တာနိုက်တင်ဂေးလ်)
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ငွေရှင်အောင် ရွှေချဉ်ပေါင်စိုက်)
၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပေါက်ပင်)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်တယ်ဆိုတဲ့မောင့်စကား တစ်ခွန်း (ရီရီသန့်)
(၂) အမိုက်မလေးငှက်ငယ် (မောင်မောင်ကြီး)
(၃) မေ့အချစ် မစစ်လို့လား (နီနီဝင်းရွှေ)

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီ **RFA VOA** နှင့် **BBC**

★ **RFA VOA BBC** အဖျက်သမားများ သတိထား

★ **RFA VOA** နှင့် **BBC**
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ **BBC** ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဿလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

ဥပဒေချိုးဖောက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသူတို့တွင် အမှန်တကယ် ဥပဒေနှင့်ငြိစွန်းသူများ တရားစွဲဆိုခံရမည်၊ အပြစ်ရှိကြောင်းတွေ့လျှင် ထောင်ကျခံရမည်။ ဤသည်မှာလည်း **Crime Does Not Pay** (ရာဇဝတ်ဘေး ပြေးမလွတ်)၊ **Ignorance of Law is no excuse** (ဥပဒေကို နားမလည်၍ပါဟု ထုချေရုံဖြင့် ပြစ်ဒဏ်က မလွတ်နိုင်)ဟူသော ဥပဒေမူများအရ ဖြစ်ပေသည်။ အနောက်က ဆန္ဒပြသူများမှာ ဒီမိုကရေစီရေး ကြိုးပမ်းသူများဖြစ်သည် ဆိုရုံမျှဖြင့် ပြစ်မှုကျူးလွန်လျှင် ကင်းလွတ်ခွင့်မရပေ။ အဘယ့်ကြောင့်ဟူမူ အထင်ကရ ဥပဒေဆောင်ပုဒ်(မူကြီး)၌ **No man is above the Law** (မည်သူမျှ ဥပဒေအထက်တွင်မရှိ) သောကြောင့်ပင်တည်း။

မောင်မှတ်ကျောက်၏ ဆောင်းပါး (စာ ၄ နှင့် ၅)တွင် ဖတ်ရှုနိုင်ပါသည်။